# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ အင်္ဂါနေ့ အတွဲ (၆၅)၊ အမှတ်(၀၂၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဝေဟင်မှ ရှုခင်းများကြည့်ရန် မိုးပျံပူဖောင်းများ ပျံသန်းခြင်းစတင်

ညောင်ဦး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှုခင်းများကြည့်ရှုရန် ရွှေလေတံခွန် (နီညိုရောင်) မီးပုံးပျံခါတ်ငွေ့ မိုးပျံပူဖောင်းအဖွဲ့မှ အောက်တိုဘာ ၁၈ ရက် နံနက် ၆ နာရီ ၁၀ မိနစ်က ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဟိုတယ်ဇုန်(၄)မှ စတင်ပျံသန်း၍ ယခုနှစ် ဆောင်းရာသီမိုးပျံပူဖောင်း ပျံသန်းခြင်းများ စတင်ခဲ့ပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်ထံမှ သိရသည်။



**ပျံသန်းမှုရာသီစတင်**

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအား ကောင်းကင်ယံမှ ရှုခင်းကြည့်ရှုနိုင်ရန် မိုးပျံပူဖောင်း စတင်ပျံသန်းခြင်းကို ရွှေလေတံခွန်(နီညိုရောင်) မီးပုံးပျံ ခါတ်ငွေ့မိုးပျံပူဖောင်းအဖွဲ့မှ ပိုင်းလော့ Mr. Gavm မောင်းနှင်သော XY-AKY နံပါတ်ပါ မိုးပျံပူဖောင်းသည် ခရီးသည် ၁၄ ဦး လိုက်ပါစီးနင်းခဲ့ပြီး နံနက် ၇ နာရီ ၁၅ မိနစ်က သူငွေးကန်ကျေးရွာအနောက်ဘက်တွင် ဆင်းသက်ခဲ့ကြောင်း သိရသည်။ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဧရာဝတီမြစ် အလှရှုခင်းများ၊ ထန်းပင်ထန်းတောများ၊ အညာဒေသတွင် ပေါက်ရောက်သည့် ထနောင်းပင်များ၊ တမာပင်များ၊ ရှေးဟောင်းအဆောက်အအုံများအား ပြည်ပခရီးသွား ဧည့်သည်များ ဝေဟင်မှ ကြည့်ရှုနိုင်ရန် စီးနင်းလိုက်ပါသူများပြားကြောင်း သိရကာ ယခုနှစ် မိုးပျံပူဖောင်း ပျံသန်းမှုရာသီ စတင်ပျံသန်းနေပြီဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

## ရော်ဘာပန်းတိုင်အထွက်နှုန်း တစ်ဧက ပေါင် ၁၀၀၀ ထွက်ရှိရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိ



စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ မုဒုံမြို့နယ်ရှိ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ရော်ဘာအစေးခြစ်နေစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ရော်ဘာသီးနှံစိုက်ဧက ၁ ဒသမ ၆ သန်းခန့်ရှိပြီး အဓိကစိုက်ပျိုးကြသည့်ဒေသများမှာ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးကေများတွင် ပန်းတိုင်အထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် တစ်ဧကပေါင် ၁၀၀၀ နှင့်အထက် ထွက်ရှိရေး စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ သိရသည်။

"စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ရော်ဘာကို တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်မြင့်မားလာဖို့ အဓိကထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပန်းတိုင်အထွက်နှုန်းအနေနဲ့ တစ်ဧက ပေါင် ၁၀၀၀ နဲ့ အထက် ထွက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် ဒေသတွင်း


*စာမျက်နှာ ၄ ကော်လံ ၁ ❖*



ယနေ့ *ဖတ် စ ရာ*

**MSMEs သည် တိုးတက်မှု၏ အခြေခံ ဖွံ့ဖြိုးမှု၏ ဒေါက်တိုင်** ဆောင်းပါး စာ ၆

**ကုလသမဂ္ဂသို့ တစ်ခါတစ်ခေါက်** ဆောင်းပါး စာ ၁၀

**ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံး အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် ဖွင့်လှစ်** နိုင်ငံတကာသတင်း စာ ၁၄

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူလင်းပြည်နယ်ရှိ သက်တမ်းရင့် ရေနံမြေများ၌ အထွက်တိုး ထုတ်လုပ်နေမှုနှင့် ရှီအန်းပြည်နယ်၌ 3D Seismic တိုင်းတာသည့် စက်ပစ္စည်းကိရိယာထုတ်စက်ရုံများ လေ့လာကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration ၏ အကြီးအကဲဖြစ်သူ Mr. Zhang Jianhua ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ယူလင်းပြည်နယ်ရှိ သက်တမ်းရင့် ရေနံမြေများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုလေ့လာစဉ် နိုင်ငံပိုင် Yan Chang ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့က ရေနံအထွက်တိုးစေရန်အတွက် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်နေမှု၊ ရေနံသိုက်များ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ရေနံတွင်းများအတွင်း ထည့်သွင်းရသည့် ရေအားပြန်လည်သန့်စင်ခြင်း ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

အောက်တိုဘာ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား North Petroleum & Chemical Corporation ၏ အစည်းအဝေးခန်းမ၌ ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့က သက်တမ်းရင့် ရေနံမြေများအလိုက် ရေနံအထွက်တိုးစေရေး ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံရှိ သက်တမ်းရင့် ရေနံမြေများတွင် ဘူမိသက်တမ်း၊ ဘူမိမြေလွှာများပေါ်မူတည်၍ ရေနံမြေအလိုက် ဆက်လက်ဆောင်ရွက်သင့်သည့် နည်းပညာများနှင့် နည်းစဉ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသုံး၍ ရေနံမြေများအလိုက် စီမံခန့်ခွဲရန်လိုအပ်မှု၊ အဆင့်မြင့်နည်းပညာများ အသုံးပြုဆောင်ရွက်ခဲ့မှုကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။



ထိုသို့ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုလေ့လာခဲ့သည့်ရေနံမြေသည် မိမိတို့နိုင်ငံရှိ ကုန်းတွင်းရေနံမြေများနှင့်နှိုင်းယှဉ်ပါက သက်တမ်းအားဖြင့် ကွာခြားမှုမရှိပါကြောင်း၊ ထုတ်ယူနိုင်သည့် လက်ကျန် ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏသည် မိမိတို့၏ အချို့သော ရေနံမြေထက် များစွာနည်းပါးသော်လည်း အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စနစ်တကျ ဆောင်ရွက်နိုင်မှုကြောင့် အထွက်နှုန်းတွင် သိသိသာသာ တိုးမြင့်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ခိုအောင်းနိုင်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပမာဏ၏ ၉၀ ရာခိုင်နှုန်းအထိ ထုတ်ယူနိုင်သည်ကို အားကျဖွယ် တွေ့ရှိရပါကြောင်း။

မိမိတို့နှင့်ရင်းနှီးသည့် မိတ်ဖက်ဆက်ဆံရေးရှိသည့်အပေါ် အခြေခံ၍ နည်းပညာအရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များတွင် အားကောင်းမှုရှိသည့် ကုမ္ပဏီများအား မိမိတို့၏ သက်တမ်းရင့်ကုန်းတွင်းရေနံမြေများတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ အထွက်တိုးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ ကုမ္ပဏီမှ ဘူမိဗေဒနှင့် အင်ဂျင်နီယာ ပညာရှင်များ၏ အကူအညီဖြင့် မိမိတို့၏ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ရေနံမြေများအလိုက် တွေ့ကြုံနေရသည့် မိမိတို့၏ အခက်အခဲများကို ကျော်လွှားနိုင်ပြီး စနစ်တကျ တူးဖော်ထုတ်လုပ်နိုင်သည့် ရေနံမြေများ ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရေနံတက္ကသိုလ်များ၊ လုပ်ငန်းခွင်များသို့ စေလွှတ်၍ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားနိုင်ရန် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ နောင်တွင် အဆင့်မြင့်နည်းပညာများ စနစ်တကျ လွှဲပြောင်းရယူပြီး ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အသေးစိတ်ဆွေးနွေးကြသည်။

ယင်းနောက် 3D Seismic တိုင်းတာခြင်းလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်လေ့လာရာ စက်ရုံတာဝန်ရှိသူများက အစိတ်အပိုင်းတစ်ခုစီအလိုက် ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး အစိတ်အပိုင်းအလိုက် တပ်ဆင်နေမှု၊ အပြီးသတ် ထုတ်ကုန်များအား စမ်းသပ်စစ်ဆေးနေမှုတို့ကို ရှင်းလင်းပြသပြီး အဆင့်မြင့် Wireless 3D Seismic စက်ပစ္စည်းများကို အသုံးပြု၍ လက်တွေ့စမ်းသပ်သရုပ်ပြသသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Wireline 2D Seismic ကိုသာ ဆောင်ရွက်နိုင်သေးသဖြင့် Wireless 3D Seismic စက်ပစ္စည်းကိရိယာများကို အသုံးပြုလာနိုင်ပါက ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက် အသစ်များ ရှာဖွေဖော်ထုတ်အတည်ပြုနိုင်ခြင်း၊ ခိုအောင်းမှုပမာဏကို နီးစပ်စွာ ခန့်မှန်းနိုင်ခြင်း၊ Wireline 2D Seismic တိုင်းတာထားပြီးနေရာများတွင်လည်း ထပ်မံတိုင်းတာမှုများ ပြုလုပ်ခြင်းဖြင့် တူးဖော်ရေးအတွက် တိကျပြည့်စုံသည့် ဘူမိဗေဒဆိုင်ရာအချက်အလက်များ ထုတ်ဖော်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပြည်တွင်း၌ တိုးတက်ထုတ်ယူနိုင်ရေး ကြိုးပမ်းနေမှုများတွင် များစွာအထောက်အကူရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၀**

ဇေယျာသီရိမြို့နယ်အတွင်း မိုး၊ ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပညာပေးသင်တန်းကို ယနေ့မွန်းလွဲပိုင်းက စည်ပင်သာယာကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ(KC) ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယုမွန်၊ မြေအသုံးချဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်သူဇာဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးပြေသိန်းနှင့် တာဝန်ရှိသူများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း မပြည့်မီရသည့် အကြောင်းအရာများနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ စိုက်ပျိုးရေရရှိနိုင်ရန် ဆောင်ရွက်ရမည့် အချက်များနှင့် စိုက်ပျိုးရမည့် နည်းပညာများ၊ သဘာဝမြေသြဇာ အသုံးပြုစေရေးနှင့် သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး၊ တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေး စသည့်အကြောင်းအရာကို ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့်တောင်သူများ၏မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## မိတ္ထီလာ၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၀**

မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားနှင့် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

**အကဲဖြတ်ရွေးချယ်**

ဆက်လက်၍ အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သူ ၁၅ ဦးအား အကဲဖြတ်ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းကမ်းချက်များနှင့် အညီ အကဲဖြတ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ၌ ပထမဆုဖလားရရှိခဲ့သည့် အားကစားနှင့်ကာယပညာသိပ္ပံ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၂၀**

သုံးနိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အုပ်ချုပ်/ နည်းပြ၊ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာ ISPE အမျိုးသား ဘောလုံးအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်၍ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းကိုယ်စား အားကစားသမားကျော်သီဟဇော်က ကျေးဇူးတင်စကားပြောကြားကာ ပထမဆုရရှိခဲ့သည့် ဆုဖလားကို ပြည်ထောင်စုဝန်ကြီးထံ အပ်နှံပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ စားရိပ်သာ၌ အားကစားနှင့်ကာယပညာသိပ္ပံမှ သင်တန်းသားသင်တန်းသူများ၏ နေ့လယ်စာ စားသောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အာဟာရပြည့်ဝစေရေးအတွက် သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်းအလိုက် အားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်နိုင်ရေး ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားပြိုင်ပွဲရုံ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပုံမှန်သန့်ရှင်းရေးများပြုလုပ်ပြီး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် နဝရတ်အားကစားကွင်းအတွင်း အများပြည်သူများ လာရောက်လေ့ကျင့်နိုင်စေရေးအတွက် အဆင့်မြင့်အားကစားရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ယူဆောင်သွားမည့် ပြိုင်ပွဲဝင်လှေများအား ကြည့်ရှုစစ်ဆေးပြီး လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

နိုင်ငံတွေနည်းတူ ခိုင်မာတဲ့ ကမ္ဘာ့ရော်ဘာဈေးကွက် ဝေစုရရှိရေးကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထွက်နှုန်းတိုးတက်ဖို့က လုပ်ငန်းရှင်တောင်သူများဘက်က ဆောင်ရွက်ရမယ့်နည်းလမ်းတွေကိုလည်း သုတေသနပြုရေးဆွဲထားတာ ရှိပါတယ်။ နောက်တစ်ချက်က သက်တမ်းလွန်ပင်အိုဧရိယာတွေမှာ ပင်အိုတွေကို ခုတ်လှဲပြီးတော့ မျိုးကောင်းမျိုးသန့်တွေ ပြန်လည်အစားထိုး ရွေးချယ်စိုက်ပျိုးသွားမယ်ဆိုရင် အထွက်နှုန်း ပိုမိုမြင့်မားလာမှာဖြစ်ပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ မြတ်သူက ပြောသည်။

ရော်ဘာသီးနှံ မျိုးရရှိရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲအောက်ရှိ မျိုးထုတ်လုပ်သည့်ခြံများတွင် ရရှိနိုင်သည့်အပြင် လိုင်စင်ရပုဂ္ဂလိက မျိုးထုတ်လုပ်သူများထံမှလည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၌ လုပ်ငန်းရှင်တောင်သူများ ပိုမိုရင်းနှီးမြှုပ်နှံလာကြသဖြင့် စိုက်ဧကများ လျင်မြန်စွာ တိုးတက်လာသည့်အပြင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရော်ဘာတန် ၃၄၆၇၇၀ ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပသို့ တန် ၂၉၉၆၄၀ တင်ပို့နိုင်ခဲ့ရာ စုစုပေါင်းထုတ်လုပ်မှု၏ ၈၆ ရာခိုင်နှုန်းခန့်အား ပြည်ပသို့တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ၀၄၂ သန်းရရှိခဲ့ကြောင်း၊ ၂၀၂၄ -၂၀၂၅ ခုနှစ်တွင် အစေးလှီးနိုင်သော ဧကများမှ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၂၇ ဒသမ ၄၉ ပေါင် ထွက်ရှိရာမှ မြန်မာ့ရော်ဘာတိုးမြှင့်ထုတ်လုပ်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိရေးနှင့် ရော်ဘာတစ်ဧက ပန်းတိုင်အထွက်နှုန်း ပေါင် ၁၀၀၀ နှင့်အထက် ထွက်ရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# ရွှေတောင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**ရွှေတောင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသားကျောင်းသူများအား ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန်နှင့် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနှင့် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာများအကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်၊ မိုးကြိုးပစ်ခြင်းပညာပေးပိုစတာ၊ လေပြင်းဘေး အသိပညာပေး ပိုစတာများ ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

# သရက်ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် ပိုးသတ်ဆေး၊ ဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေး ဆွေးနွေးပွဲကျင်းပ

**ရပ်စောက် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် လှဆန်းယဉ်ခန်းမ၌ အောက်တိုဘာ ၁၉ ရက်က သရက်ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် ပိုးသတ်ဆေး၊ ဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချိုနိုင်ထွန်းက ရှမ်းပြည်နယ်သည် နိုင်ငံခြားပို့ကုန်သီးနှံများဖြစ်သော သရက်၊ ထောပတ်၊ ပြောင်း၊ လက်ဖက်နှင့် ဟင်းသီးဟင်းရွက် အမယ်စုံစွာ စိုက်ပျိုးထုတ်လုပ် တင်ပို့နေသည့် ပြည်နယ်၍ ပိုးသတ်ဆေး ဓာတ်ကြွင်း ကင်းစင်အောင် ဆောင်ရွက်နိုင်ရေးသည်အရေးကြီးကြောင်းနှင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ရန် မှာကြားပြီး ရပ်စောက်မြို့ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ အသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက နည်းပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်တွင်းစားသုံးသူများ အစားအစာဘေးကင်း လုံခြုံမှုရှိရေးသည် အရေးကြီးကြောင်း၊ စိုက်ပျိုးသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၊ သီးနှံစိုက်တောင်သူများ၊ ပိုးသတ်ဆေးအရောင်းဆိုင်များ၊ စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့ရောင်းချနေသူများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက သရက်တွင် ကျရောက်သည့် ဖျက်ပိုးများအား ဘက်စုံသီးနှံကာကွယ်ရေး နည်းစနစ်များ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက် အချိုးကျသုံးစွဲရေး အကြောင်းများကို အသိပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲသို့ သရက်စိုက်တောင်သူများ၊ သရက်တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များ၊ တောင်ကြီး ခရိုင်နှင့်ရပ်စောက်မြို့နယ်မှ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၆၈
ရက်
သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုသတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုင်းဆတ်မြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ကွင်းဆင်းဆောင်ရွက်

**မိုင်းဆတ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာအုပ်စု ယောင်းခကျေးရွာ၌ ယမန်နေ့က မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုင်းဆတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည့်အခြေအနေများ၊ မဲဆန္ဒရှင်တစ်ဦး သိသင့်သိထိုက်သည့်အချက်များ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်(MEVM) မဲပေးစက်များ၏ တိကျမှု၊ လျင်မြန်မှုနှင့် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစ၍ တစ်နိုင်ငံလုံး ကပ်ထားကြေညာထားပြီး မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)၊ ပုံစံ(၃-က)များဖြင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ လျှောက်ထားနိုင်သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ ကျေးရွာသား ၁၁၇၃ ဦးတို့က မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာများကို လေ့လာခဲ့ကြပြီး လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၂၁ ရက်တွင် နေပြည်တော်နှင့် အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# MSMEs သည် တိုးတက်မှု၏အခြေခံ ဖွံ့ဖြိုးမှု၏ ဒေါက်တိုင်

သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)

- **MSME များသည် ငွေကြေးလှည့်ပတ်စီးဆင်းမှု အားကောင်းစေခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကျဆင်းစေခြင်းတို့ကို များစွာအထောက်အကူဖြစ်စေပါသည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး တိုးတက်စေရန် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်သကဲ့သို့ One Region , One Product ဖြစ်စေရေး၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ**
- **အိန္ဒိယ၊ တရုတ်၊ ဂျပန် စသည့်နိုင်ငံများသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေခံ၍ နိုင်ငံအဆင့်စီးပွားရေးတိုးတက်စေရန် ဆောင်ရွက်ခဲ့ကြသောနိုင်ငံများဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း MSME လုပ်ငန်းများသည် အလုပ်အကိုင်ပေါင်းစုံ ဖန်တီးနိုင်ခြင်း၊ ဒေသအလိုက် မြို့ပြ ကျေးလက်ဒေသစီးပွားရေးတိုးတက်မှုကို ဖန်တီးပေးခြင်း၊ အိမ်ထောင်စုဝင်ငွေ တိုးတက်စေခြင်းတို့ဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိ**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (Micro, Small and Medium Enterprises – MSMEs) သည် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သကဲ့သို့ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပါသည်။ ထို့ပြင် ဒေသအလိုက်တိုးတက်မှု (မြို့ပြ၊ မြို့ငယ်၊ ကျေးလက်ဒေသအားလုံးတွင်)ကို ဖြစ်ပေါ်စေနိုင်ပြီး ဈေးကွက်သက်ရောက်မှုအဖြစ် နိုင်ငံတကာကုန်သွယ်ရေး၏ အခြေခံအဆောက်အအုံလည်း ဖြစ်ပါသည်။ သုတေသနများအရ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ကြပြီး အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေးနေပါသည်။

MSME များသည် ငွေကြေးလှည့်ပတ်စီးဆင်းမှု အားကောင်းစေခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကျဆင်းစေခြင်းတို့ကို များစွာအထောက်အကူဖြစ်စေပါသည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး တိုးတက်စေရန် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်သကဲ့သို့ One Region , One Product ဖြစ်စေရေး၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

MSME များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် MSME ဖွံ့ဖြိုးတိုးတက်စေရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း သုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ စသည့် လုပ်ငန်းအကောင်အထည်ဖော်သည့် အထောက်အကူပြုအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် စီးပွားရေးနှင့်ဆက်စပ်သည့်သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်ရန်၊ ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်လာစေရန်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲနှင့် အဟန့်အတားများ လျော့ပါးစေရန် ရည်ရွယ်၍ "အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ" ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး "အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေ" ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MSME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် MSME လုပ်ငန်းများ အဓိကကြုံတွေ့နေရသည့် ငွေကြေး ရယူရန် အခက်အခဲများ (loan, credit access)၊ နည်းပညာရယူနိုင်ရန် အခက်အခဲနှင့် စီးပွားရေး ဈေးကွက် အချက်အလက်မလုံလောက်ခြင်းတို့သည် MSMEs တိုးတက်ဖွံ့ဖြိုးမှုတွင် အတားအဆီးများ ဖြစ်နေကြောင်း တွေ့ရပါသည်။

### အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ

အသေးစားလုပ်ငန်းများ (Micro Enterprises) သည် အလုပ်သမားအနည်းငယ်နှင့် အဆင့်နိမ့် နည်းပညာကို အသုံးပြုဆောင်ရွက်ကြသော လုပ်ငန်းများ (ဥပမာ– လက်မှုလုပ်ငန်း၊ အိမ်တွင်းမှု လုပ်ငန်းများ၊ မိသားစုအလုပ်သမားများဖြင့် ဆောင်ရွက်သောလုပ်ငန်းများ) ဖြစ်ပါသည်။ အငယ်စားလုပ်ငန်းများ (Small Enterprises)သည် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်နှင့် တိကျသော စီးပွားရေး လုပ်ငန်း ပုံစံရှိသော လုပ်ငန်းများ (ဥပမာ – အသေးစား စက်ရုံများ၊ စားသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းများ) ဖြစ်ပါသည်။ အလတ်စားလုပ်ငန်းများ (Medium Enterprises) သည် အလုပ်သမား အများအပြား ခန့်ထားနိုင်ပြီး နည်းပညာအသုံးပြုသည့်လုပ်ငန်းများ ဖြစ်ပါသည်။

အိန္ဒိယ၊ တရုတ်၊ ဂျပန်စသည့် နိုင်ငံများသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို အခြေခံ၍ နိုင်ငံအဆင့်စီးပွားရေး တိုးတက်စေရန် ဆောင်ရွက်ခဲ့ကြသောနိုင်ငံများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း MSME လုပ်ငန်း များသည် အလုပ်အကိုင်ပေါင်းစုံ ဖန်တီးနိုင်ခြင်း၊ ဒေသအလိုက် မြို့ပြ၊ ကျေးလက်ဒေသစီးပွားရေး တိုးတက်မှုကို ဖန်တီးပေးခြင်း၊ အိမ်ထောင်စုဝင်ငွေ တိုးတက်စေခြင်းတို့ဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေး တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

### MSMEs စစ်တမ်းကောက်ယူခြင်း

အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်း အဖွဲ့သည် UNU–WIDER ၏ နည်းပညာအကူအညီဖြင့် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် စစ်တမ်းများ (အရေအတွက်နှင့် အရည်အသွေး) နှစ်မျိုးလုံးကို ကောက်ယူခဲ့ပါသည်။ အဆိုပါ စစ်တမ်းများအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (ကုန်ထုတ်လုပ်မှု) အခြေအနေတွေ့ရှိချက်များကို သီအိုရီနှင့် လက်တွေ့ပေါင်းစပ်သုံးသပ်၍ အကြံပြုချက်များ ပါဝင်သည့် စစ်တမ်းရလဒ်များကို ထုတ်ပြန်ခဲ့ပါသည်။

လက်ရှိတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် ဌာနရှိ အရင်းအမြစ်များဖြင့် MSME စစ်တမ်းကောက်ယူနိုင်ရန်အတွက် ယခင်ကောက်ယူခဲ့သည့် စစ်တမ်းပေါ် အခြေပြု၍ ခေတ်စနစ်အရ ပြောင်းလဲလာသော စီးပွားရေးလုပ်ဆောင်မှု ပုံသဏ္ဌာန်များနှင့် လိုက်လျောညီထွေဖြစ်စေရေး လိုအပ်သည့် အချက်အလက်များကို ဖြည့်စွက်ပြင်ဆင်ကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ကာလ သတ်မှတ်ပြီး တစ်နိုင်ငံလုံးလွှမ်းခြုံသည့် MSME လုပ်ငန်းများ(ကုန်ထုန်လုပ်မှု)ကို ကောက်ယူနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်၌ တိုင်းဒေသကြီး ခြောက်ခုတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း ၂၀၂၄ ကို ကောက်ယူခဲ့ပြီး ဖြစ်ပါသည်။ စစ်တမ်းကောက်ယူရန် ကျန်ရှိနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက် ကောက်ယူရန် ဆောင်ရွက်လျက်ရှိပါသည်။

စစ်တမ်းမှရရှိသော အချက်အလက်များသည် မြန်မာ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ထုတ်စွမ်းအား၊ ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို မြှင့်တင်ပေးမည့် မဟာဗျူဟာများနှင့် စီမံချက်များ ရေးဆွဲချမှတ်ရာတွင် မူဝါဒချမှတ်သူများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအား အထောက်အပံ့ပေးနိုင်မည် ဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ MSMEs အခြေအနေ

မြန်မာနိုင်ငံ၏ MSMEs အခြေအနေကို လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(က) မြန်မာနိုင်ငံရှိ MSME များသည် အများအားဖြင့် လုပ်ငန်းအရွယ်အစား သေးငယ်ခြင်း၊ စာရင်းမှတ်တမ်းထားရှိမှုအားနည်းခြင်း၊ နည်းပညာ အသုံးပြုမှုနည်းခြင်းနှင့် အထောက်အထားပစ္စည်း (collateral) မရှိခြင်းတို့ကြောင့် ဘဏ်များမှ အတိုးနည်းချေးငွေရယူရာတွင် အခက်အခဲများရှိခြင်း၊

( ခ ) MSME အများစုသည် စာရင်းစနစ်ထားသိုမှု စနစ်တကျမရှိခြင်းကြောင့် လုပ်ငန်းအခြေအနေကို မှန်မှန်ကန်ကန်သိရှိမှု အားနည်းခြင်း၊ ဘဏ်မှချေးငွေရယူလိုသော်လည်း အထောက်အထား လုံလောက်စွာမတင်ပြနိုင်ခြင်း၊ အခွန်ကောက်ခံမှုနှင့် ပေးဆောင်မှုတို့ကို သေချာစွာ မသိခြင်း၊

(ဂ) MSME အများစုသည် နည်းပညာ အသုံးပြုမှု အားနည်းခြင်းကြောင့် ထုတ်လုပ်နိုင်မှု ပမာဏနည်းပါးခြင်း၊ ထုတ်ကုန်အရည်အသွေး မတူညီခြင်း၊ နည်းပညာသစ်များကို ရယူရန် အရင်းအနှီး မလုံလောက်ခြင်းတို့ကြောင့် ယှဉ်ပြိုင်နိုင်မှု အားနည်းခြင်း၊

(ဃ) MSME များအကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းသဖြင့် စုစည်းဆောင်ရွက်မှု(Cluster) မရှိခြင်း၊ အချက်အလက်၊ နည်းပညာနှင့် အတွေ့အကြုံ မျှဝေမှုနည်းပါးခြင်းတို့ကြောင့် ယှဉ်ပြိုင်နိုင်မှု အင်အားနည်းပါးနေခြင်း၊

( င ) တိုင်းဒေသကြီး၊ ပြည်နယ်အခြေပြု MSMEs အများစုသည် ဒေသဈေးကွက်အတွက်သာ ရည်ရွယ်ထုတ်လုပ်ခြင်းကြောင့် ဈေးကွက်တိုးချဲ့မှု နည်းပါးနေခြင်း၊

( စ ) MSME အများစုသည် လုပ်သားများ၏ သင်ကြားရေးနှင့် အတတ်ပညာဖွံ့ဖြိုးမှုကို အလေးထားမှုနည်းပါးသောကြောင့် ကျွမ်းကျင်ပညာရှင်များ၊ စီမံခန့်ခွဲမှုကျွမ်းကျင်သူများ ရှားပါးနေခြင်း၊

( ဆ ) ဈေးနှုန်းအတက်အကျ မြန်ဆန်ခြင်း၊ အစိုးရလျှပ်စစ်ဓာတ်အားလိုင်းကိုသာ အားပြုနေခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားခြင်းတို့ကြောင့် MSMEs များ၏ ထုတ်လုပ်မှုနှင့် စီးပွားရေးစွမ်းဆောင်ရည်တို့တွင် အားနည်းမှုများ ကြုံတွေ့နေခြင်း၊

( ဇ ) MSME အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ စီးပွားရေးမှတ်ပုံတင်စနစ်များ ရှုပ်ထွေးခြင်းကြောင့် မူဝါဒသတ်မှတ်ရာတွင် အခြေခံအချက်အလက်ရရှိမှုခက်ခဲခြင်း၊ သုတေသနအခြေပြု အကောင်အထည်ဖော်မှု နည်းပါးခြင်းတို့သည် MSMEs တိုးတက်မှုကို နှေးကွေးစေခြင်း။

### မြန်မာ့ MSMEs ဖွံ့ဖြိုးတိုးတက်စေရေး

MSME လုပ်ငန်းများ တိုးတက်လာစေရန် အောက်ဖော်ပြပါအချက်များကို ချမှတ်ကျင့်သုံးနိုင်ပါသည်–

(က) ရွှေ့ပြောင်းနိုင်သော ပုံသေပိုင်ပစ္စည်းများကို အပေါင်ပစ္စည်းအဖြစ် အသုံးပြုခွင့်ပေးနိုင်သည့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊ ချေးငွေဆိုင်ရာ အခွင့်အရေးများ၊ လိုအပ်ချက်နှင့် သတ်မှတ်ချက်ဆိုင်ရာသတင်းအချက်အလက်များအား လုပ်ငန်းရှင်များ ပိုမိုသိရှိစေခြင်း၊

( ခ ) ဒစ်ဂျစ်တယ်ငွေကြေးစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် Digital Payment တိုးတက်လာစေရေး မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊

*စာမျက်နှာ ၇ သို့*

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကို လည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

# သာကေတလူငယ်စင်တာ၌ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန်  အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ နှင့် သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅)၊ (၂/၂၀၂၅)၊ (၃/၂၀၂၅)၊ (၄/၂၀၂၅)၊ (၅/၂၀၂၅) နှင့် (၆/၂၀၂၅) တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သာကေတမြို့နယ် လူငယ်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကြက်ခြေနီတပ်ဖွဲ့ဝင်များက "ရိုင်းပင်းကူညီ ကြက်ခြေနီ" တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှေးဦးပြုစုခြင်းသည် ဆေးရုံမရောက်မီ အသက်ကယ်ကုသခြင်း (Pre Hospital Care)၏ အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပြီး ရှေးဦးပြုစုခြင်း (First Aid) ဖြင့် ကူညီပြုစုပေးကာ ဆေးရုံကို ပို့ဆောင်ရာတွင် ဆေးရုံ၏ (Post Hospital Care) ကို များစွာအထောက်အကူဖြစ်စေပါကြောင်း၊ လူနာများအတွက် ဒဏ်ရာအခြေအနေ ပိုမိုမဆိုးစေရန်နှင့် အသက်ရှင်သန်စေရန်အတွက်လည်း အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်သည့်အတွက် လူတိုင်း တတ်မြောက်ထားသင့်သည့် အတတ်ပညာဖြစ်ပါကြောင်း၊ မြန်မာပြည်သူ ပြည်သားအားလုံး၏ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးနှင့် လူငယ်ရေးရာကော်မတီတို့သည်လည်း ဆက်လက်ပြီး ယခုကဲ့သို့ နိုင်ငံ၏ အားထားရာ လူရည်ချွန် လူရည်မွန်များကို မွေးထုတ်ပေးနိုင်ပါစေကြောင်း ပြောကြားပြီး သင်တန်းထူးချွန်ဆုများ၊ အကောင်းဆုံးကျောင်းသားဆုနှင့် ကျောင်းဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သာကေတမြို့နယ်ကြက်ခြေနီအသင်းခွဲရုံး ဆောက်လုပ်ရန်အတွက် အလှူငွေများကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့




ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် (ဗဟိုအဆင့်ပြိုင်ပွဲ)၌ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု နှစ်ယောက်တွဲစွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဒုတိယတပ်ခွဲမှူး မယွန်းနွယ်အောင်ကိုလည်းကောင်း၊ သင်တန်းထူးချွန်ဆုများ ရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကြက်ခြေနီတပ်ဖွဲ့ဝင်များက "အများအတွက် ကြက်ခြေနီ" တေးသီချင်းဖြင့် ဖျော်ဖြေကြပြီး တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများ၊ သင်တန်းနည်းပြများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဂုဏ်ပြုအမှာစကား ပြောကြား၍ သာကေတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ မြို့နယ်တပ်ဖွဲ့မှူး ဒေါ်အေးထွေးမိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

( ဂ ) နည်းပညာဖွံ့ဖြိုးသော စီးပွားရေးဝန်းကျင် ဖြစ်ပေါ်လာစေရေးနှင့် စွန့်ဦးတီထွင်လိုသောဆန္ဒဖြစ်ပေါ်လာစေရေးတို့အတွက် လုပ်ငန်းရှင်များအား နည်းပညာအသုံးပြုမှု မြှင့်တင်နိုင်ရေး အသိပညာပေးခြင်း၊ လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်စေရေး နည်းပညာများ လွှဲပြောင်းရယူနိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊

(ဃ) ပိုမိုထိရောက်သည့် ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်လာစေရေးအတွက် MSME လုပ်ငန်းများ အချင်းချင်း Cluster စုဖွဲ့၍ ဆောင်ရွက်ခြင်း၊

( င ) ပညာအရည်အချင်း မြင့်မားသည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းခွင် ပြင်ပသင်တန်းများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊

( စ ) လုပ်ငန်းအမျိုးအစားပေါ် မူတည်၍

**❑ မြန်မာနိုင်ငံ၏ MSME များသည် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားအဖြစ် ရှိနေသောကြောင့် လက်ရှိဖြစ်ပေါ်နေသော ငွေကြေး၊ နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်မှုအခက်အခဲများကို ကျော်လွှားနိုင်အောင် ဆောင်ရွက်ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ငွေကြေးရယူနိုင်ခွင့် တိုးမြှင့်ပေးခြင်း၊ နည်းပညာအသုံးချနိုင်ရန် ပံ့ပိုးပေးခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်ရေး ဖန်တီးပေးခြင်းနှင့် ပြုပြင်ရန်လိုအပ်သည့် ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် MSME ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

လုပ်ငန်းမှတ်ပုံတင်ခြင်းကို ဌာနတစ်ခုထက်ပို၍ မှတ်ပုံတင်ရခြင်းကြောင့် တစ်နေရာတည်းတွင် မှတ်ပုံတင်နိုင်သော One-Stop Service စနစ်ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ပေးခြင်း၊

( ဆ ) လုပ်ငန်းအများစုသည် ပြည်တွင်းဈေးကွက်အပေါ် မှီခိုအားထားရသောကြောင့် MSME များကို အားပေးကူညီပံ့ပိုးပေးသည့် ဝယ်ယူမှုအစီအစဉ်များ (ပြည်တွင်းဖြစ်ကို အားပေးပါ) ဖော်ဆောင်ပေးခြင်း၊

( ဇ ) လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေး ဆောင်ရွက်ပေးခြင်းနှင့်အတူ အခြားစွမ်းအင်ဖြစ်သည့် ဆိုလာစွမ်းအင်ကို ပိုမိုအသုံးပြုနိုင်ရေး ပညာပေးခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ စည်းရုံးခြင်းနည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို လျှော့ချခြင်း၊

( ဈ ) ဈေးကွက်ရှာဖွေခြင်း၊ ပို့ကုန်တင်ပို့မှုဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးခြင်းနှင့် ကုန်စည်ပြပွဲများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ည) MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစိုးရအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လုပ်ငန်းများက ပိုမိုကျယ်ပြန့်စွာသိရှိစေရေး ဆောင်ရွက်ခြင်း။

**အဓိက မောင်းနှင်အား**

မြန်မာနိုင်ငံ၏ MSME များသည် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားအဖြစ် ရှိနေသောကြောင့် လက်ရှိဖြစ်ပေါ်နေသော ငွေကြေး၊ နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်မှု အခက်အခဲများကို ကျော်လွှားနိုင်အောင် ဆောင်ရွက်ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ငွေကြေးရယူနိုင်ခွင့် တိုးမြှင့်ပေးခြင်း၊ နည်းပညာအသုံးချနိုင်ရန် ပံ့ပိုးပေးခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်ရေး ဖန်တီးပေးခြင်းနှင့် ပြုပြင်ရန်လိုအပ်သည့် ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် MSME ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သပြေကန်သိမ်ကုန်းဧရိယာအတွင်း နွေစပါးစိုက်ပျိုးရေ လုံလောက်စွာ တိုးတက်ပေးဝေနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





**နေပြည်တော် အောက်တိုဘာ ၂၀**

ဖျာပုံမြို့နယ် သပြေကန်သိမ်ကုန်းဧရိယာအတွင်း နွေစပါးစိုက်ပျိုးရေ လုံလောက်စွာ တိုးတက်ပေးဝေနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဖျာပုံမြို့နယ် အေးသာယာကျေးရွာအုပ်စုအတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်မည့် အေးသာယာ(၂)မြောင်းနေရာကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက နွေသီးထပ်အမီ စိုက်ပျိုးရေရရှိနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အေးသာယာကျေးရွာအုပ်စုအတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသတောင်သူများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသလိုအပ်ချက်များ၊ နွေသီးထပ်တိုးတက်စိုက်ပျိုးနိုင်မည့် အခြေအနေ၊ ရေချိုပိုမိုရရှိလာနိုင်မည့် အခြေအနေအပေါ် တိုးတက်စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း တူးဖော်ဆောင်ရွက်လျက်ရှိသော ကျုံကဒွန်း-အမာ ကားလမ်းဘေးယာမြောင်းတူးဖော်နေမှုနှင့် ကျုံကဒွန်း- အမာဝဲမြောင်းတူးဖော်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏ မိုးစပါးရာသီချိန်တွင် ရေကြီးမှုအားလျော့နိုင်ရန် အတွက် ဝါးချောင်းရေတံခါး ပြုပြင်ပေးနိုင်ရေး တင်ပြမှုအပေါ် တာဝန်ရှိသူများအား ရေထိန်းတံခါးနှင့် ရေနုတ်အားကောင်းစေရန်၊ ချောင်းမြောင်းကောများ တူးဖော်နိုင်ရန် အသေးစိတ်ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြရန် မှာကြားသည်။

ဆက်လက်၍ ဒေသတောင်သူများနှင့် တွေ့ဆုံပြီး သီးထပ်စွမ်းအား ပိုမိုတိုးတက်စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်တက္ကသိုလ်ဝင်းအတွင်း Recreation Center တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံ ဆောက်လုပ်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို အလေးထားဆောင်ရွက်ရန်၊ မြေယာရှုခင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ညမီးကြီး မီးပုံးပျံ၊ စိန်နားပန်မီးပုံးပျံများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ညစဉ် ၅ နာရီမှ စတင်လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်မီးပုံးပျံများအား အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ စတင်လွှတ်တင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ကထိန်လှည့်လည်ပူဇော်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ၊ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ကထိန်ဆက်ကပ်လှူဒါန်းပွဲ၊ မီးပဒေသာ လှည့်လည်ပူဇော်ပွဲများ၊ ဒေသထွက်ကုန် MSME(အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း) ပြခန်းများနှင့် နိုင်ငံကျော် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုများဖြင့် ရှမ်းပြည်နယ်၏ အထင်ကရ တန်ဆောင်တိုင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ တောင်ကြီးတန်ဆောင်တိုင်ချစ်သူများ၊ မီးပုံးပျံချစ်သူများ လာရောက်လည်ပတ်ကြည့်ရှု အားပေးနိုင်ကြောင်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီမှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်း တိမ်ကောပပျောက်မှု မရှိစေရေး ယွန်းလုပ်ငန်းရှင်များ ထိန်းသိမ်းထားရှိ

**ညောင်ဦး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ရှိ မြင်းမြီးဖြင့်ပြုလုပ်သည့် (ရက်လုပ်) ယွန်းထည်လုပ်ငန်း တိမ်ကောပပျောက်မှုမရှိစေရန်အတွက် ပုဂံမြို့ ယွန်းလုပ်ငန်းရှင်များက ထိန်းသိမ်းလုပ်ကိုင်လျက်ရှိကြောင်း ဦးဘငြိမ်းယွန်းထည်လုပ်ငန်း၏ စတုတ္ထမျိုးဆက်ခံသူ ဦးအောင်ကျော်ထွန်းထံမှ သိရသည်။

ယွန်းထည်လုပ်ငန်းသည် ညောင်ဦးမြို့နှင့် ပုဂံမြို့တို့တွင် ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာ အစဉ်အဆက် လုပ်ကိုင်လာခဲ့ကြောင်း၊ ဝါးနီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းက စိုးရိမ်စရာမရှိသော်လည်း ဝါးနီးဖြာကြားမြင်းမြီးဖြင့် ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူမှာ သုံးဦး၊ လေးဦးသာ ကျန်ရှိတော့ကြောင်း၊ မြင်းမြီး ဈေးနှုန်းကြီးမြင့်လာခြင်း၊ ယွန်းထည်ရောင်းချမှု မတွင်ကျယ်ခြင်းနှင့် ယွန်းထည်ရက်လုပ်ရာတွင် လက်ဝင်ခြင်းများကြောင့် မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး လုံးဝပျောက်ကွယ်သွားနိုင်သည့် အခြေအနေဖြစ်လာကြောင်း ပြောသည်။

ယခင်က ညောင်ဦးမြို့၊ ပုဂံမြို့၊ မင်းနန်သူကျေးရွာ၊ အရှေ့ဖွားစောကျေးရွာ၊ အနောက်ဖွားစောကျေးရွာ၊ မြင်းကပါကျေးရွာတို့တွင် မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ်ရှိခဲ့ရာမှ ယခုအခါ မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ သုံးလေးဦးသာ ကျန်တော့ကြောင်း သိရသည်။ ယွန်းထည်ပြုလုပ်ရာတွင် တင်းဝါးယွန်းထည်၊ သစ်သားယွန်းထည်၊ မြင်းမြီးယွန်းထည်ဟု သုံးမျိုးရှိကြောင်း၊ မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်သည် လုပ်ရကိုင်ရ လက်ဝင်ကြောင်း၊ ပါးလွှာသည့် ဝါးနီးဖြာလေးများကြားတွင် မြင်းမြီးတစ်ချောင်းစီ ထည့်ကာ အသေးစိတ် ရက်လုပ်ရကြောင်း၊ လေးလက်မခွက်တစ်လုံး ရက်လုပ်လျှင်ပင် အချိန်တစ်နာရီခွဲခန့် ကြာမြင့်ကြောင်း၊ အဝိုင်းပုံ၊ အလုံးပုံ ယွန်းထည်များကို မြင်းမြီးဖြင့် ရက်လုပ်ပြီး ထောင့်ချိုး၊ ထောင့်ကွေးယွန်းထည်များကို မြင်းမြီးသုံး၍ မရက်လုပ်ကြောင်း၊ မြင်းမြီးနှင့် ရက်လုပ်သည့် ယွန်းထည်ပစ္စည်းများသည် ပျော့ပျောင်းကာ အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။ လက်ရှိတွင် မြင်းမြီးတစ်ပိဿာ ငွေကျပ် ၇၀၀၀၀ ပေးဝယ်ရပြီး ရက်လုပ်ရာတွင် ခက်ခဲသောကြောင့် မြင်းမြီးဖြင့် ရက်လုပ်သည့်ယွန်းထည်လုပ်ငန်း ပျောက်ကွယ်မသွားရန် ယွန်းလုပ်ငန်းရှင်များက ထိန်းသိမ်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**



# ပွင့်ဖြူမြို့နယ်၌ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်စိုက်ပျိုးသည့် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာ ဧက ၁၁၂၀ စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက စိုက်ပျိုးထားရှိကြောင်း သိရပြီး ယခုအခါ ဆီထွက်သီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဇူလိုင်လမှစပြီး ပြန်လည်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ယနေ့အထိ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရပြီး ယခုနှစ်တွင် တောင်သူများ မိုးသီးနှံများ စိုက်ပျိုးရာတွင် လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုပစ္စည်းများ စနစ်တကျ သုံးစွဲတတ်စေရေးနှင့် သီးနှံပိုးမွှားရောဂါ ကင်းဝေးစေရေး၊ စိုက်ပျိုးရေးနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## Bakery မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း၊ လူငယ်ရေးရာနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်သည့် Bakery မုန့်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ လူငယ်စင်တာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်းထုတ်ကုန် Bakery မုန့်အမျိုးမျိုးကို ဝယ်ယူအားပေးကြသည်။



အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်သင်တန်းနည်းပြများက ရက်သတ္တပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော လူငယ်ရေးရာဟောပြောပွဲနှင့်လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲကို ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်းရှိ လူငယ်များအားလုံး ရွေးကောက်ပွဲအကြို သုတေသနစစ်တမ်းကောက်ယူမှုကို တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြစေလိုပြီး အနာဂတ်မျိုးဆက်သစ် ကျောင်းသားကျောင်းသူလူငယ်များ ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများ ဖြစ်လာအောင် ပြုမူနေထိုင်ကြကာ နိုင်ငံ့အကျိုး၊ အမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံတော်က အားထားရသော သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ဦးက လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ ပါ ပထဝီနိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှုနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဟောပြောပို့ချပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူလူငယ်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို Tablet များ ဖြန့်ဝေပေးပြီး ရွေးကောက်ပွဲအကြို လူငယ်ရေးရာ သုတေသနစစ်တမ်းကို ကောက်ယူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ကုလသမဂ္ဂသို့ တစ်ခါတစ်ခေါက်

**ဝန်ထမ်းအဖြစ်မှ အငြိမ်းစားမယူမီ ၂၀၀၄ ခုနှစ် အောက်တိုဘာလက ကုလသမဂ္ဂအထွေထွေညီလာခံ (၅၉) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခွင့်ရခဲ့ပါသည်။ ထိုစဉ်က အတွေ့အကြုံများကို ပြန်လည်အမှတ်တရဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။**

**အငြိမ်းစားဥပဒေအရာရှိတစ်ဦး**

**ကုလသမဂ္ဂ၏ သမိုင်းအကျဉ်း**

ကုလသမဂ္ဂ၏ သမိုင်းကြောင်းကို လေ့လာပါက ပထမကမ္ဘာစစ်ကြီးပြီးနောက် နိုင်ငံပေါင်းချုပ်အသင်းကြီး (The League of Nations) ပေါ်ပေါက်ခဲ့ပါသည်။ ထိုအသင်းကြီးသည် ဒုတိယကမ္ဘာစစ်ကြီးကို တားဆီးခြင်း မပြုနိုင်ခဲ့ပါ။ ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်ခဲ့ပါသည်။ ကမ္ဘာသူ ကမ္ဘာသားများသည် စစ်၏ဒဏ်ကို အလူးအလဲ ခံခဲ့ကြရပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ကမ္ဘာ့ခေါင်းဆောင်ကြီးများက ကမ္ဘာကြီးနှင့် လူသားများအတွက် ဤကဲ့သို့ စစ်ကြီးမျိုး ထပ်မံမပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၄၁ ခုနှစ် ဩဂုတ်လတွင် Atlantic Charterကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၄၄ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်နိုင်ငံ၌ Dumbarton Oaks Conference ကို ကျင်းပခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၏ ကုလသမဂ္ဂ ဖြစ်ပေါ်လာရန် ဆွေးနွေးခဲ့သော ဆွေးနွေးပွဲများ များစွာ ရှိခဲ့ပါသည်။ The Charter of the United Nations ကို ၁၉၄၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် နိုင်ငံပေါင်း ၅၀ က ကိုယ်စားလှယ်များ တက်ရောက်ပြီး အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုစဉ်က မတက်ရောက်ဖြစ်ခဲ့သော ပိုလန်နိုင်ငံသည် နောက်ပိုင်းတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သဖြင့် ကုလသမဂ္ဂတွင် မူလအဖွဲ့ဝင် ၅၁ နိုင်ငံ (The UN's Original 51 Members States) ရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် မကြာမီပင် (၁၉-၄-၁၉၄၈) ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများ**

ကုလသမဂ္ဂဌာနချုပ်သည် နယူးယောက်မြို့ East River မြစ်ကမ်းပေါ်တွင် တည်ရှိပြီး ၁၈ ဧကခန့် ကျယ်ဝန်းပါသည်။ ၅၇ ထပ် အမြင့်ရှိသော မြင့်မားထည်ဝါလှပသည့် အဆောက်အအုံကြီးဖြစ်သည်။ ကုလသမဂ္ဂပရိဝုဏ်တွင်း ဝင်ရောက်ရာတွင် ဂိတ်ပေါက်လုံခြုံရေး၌ ဝင်ခွင့်ကတ်ပြားထုတ်ယူပြီး ကျယ်ပြန့်သောခြံဝင်းကြီးကို ဖြတ်သန်းရသည်။ မြေညီထပ်တွင် ကုလသမဂ္ဂ စတင်တည်ထောင်သည့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်မှ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်များ၏ ဓာတ်ပုံကြီးများကို မှတ်တမ်းတင်ထားရှိပါသည်။

ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့ကြသူများမှ ပထမဆုံး အထွေထွေအတွင်းရေးမှူးချုပ်မှာ နော်ဝေနိုင်ငံသား ထရီဗ်လီ(Trygve Lie) ဖြစ်ပါသည်။ ထရီဗ်လီသည် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒုတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ်မှာ ဆွီဒင်နိုင်ငံသား ဒက်ဟားမားရှိုး (Dag Hamm- arskjold) ဖြစ်ပါသည်။ ၁၉၅၃ ခုနှစ်တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၁ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် လေယာဉ်ပျက်ကျ ကွယ်လွန်ခဲ့ပါသည်။

တတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ်မှာ မြန်မာနိုင်ငံသား ဦးသန့် ဖြစ်ပါသည်။ ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးသန့်သည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် (သံအမတ်ကြီးအဖြစ် ၁၉၅၇ မှ ၁၉၆၁ အထိ) တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုကာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်သော မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ၏ ကွန်ဂိုစေ့စပ်ဖျန်ဖြေရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ဒက်ဟားမားရှိုး လေယာဉ်ပျက်ကျ သေဆုံးပြီးနောက်တွင် ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ ယာယီအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ဦးသန့်အား ကုလသမဂ္ဂအထွေထွေညီလာခံမှ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တညီတညွတ်တည်း ရွေးချယ်ခန့်အပ်ခဲ့ပါသည်။ (၃၀-၁၁-၁၉၆၂) မှ (၃-၁၁-၁၉၆၆) အထိ ပထမအကြိမ် သက်တမ်းကို တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒုတိယအကြိမ် သက်တမ်းကို (၂-၁၂-၁၉၆၆) မှ (၃၁-၁၂-၁၉၇၁) အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးသန့်သည် အငြိမ်းစားယူပြီးနောက် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

စတုတ္ထမြောက် အထွေထွေအတွင်းရေးမှူးချုပ်မှာ ဩစတြီးယားနိုင်ငံမှ ကုတ်ဝါးဟိမ်း (Kurt Waldheim) ဖြစ်ပါသည်။ ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ပဉ္စမမြောက် အထွေထွေအတွင်းရေးမှူးချုပ်မှာ ပီရူးနိုင်ငံသား ဂျေဗီးယား ပဲရစ် ဒီ ကွေးလီးယား (Javier Perez De Guellar) ဖြစ်ပါသည်။ ၁၉၈၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဆဋ္ဌမမြောက် အထွေထွေအတွင်းရေးမှူးချုပ်မှာ အီဂျစ်နိုင်ငံသား ဘူးထရိုစ် ဘူးထရိုစ် ဂါလီ (Boutros Boutros- Ghali) ဖြစ်ပြီး ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သတ္တမမြောက် အထွေထွေအတွင်းရေးမှူးချုပ်မှာ ဂါနာနိုင်ငံမှ ကိုဖီအာနန် (Kofi Annan) ဖြစ်ပြီး ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

အဋ္ဌမမြောက် အထွေထွေအတွင်းရေးမှူးချုပ်မှာ ကိုရီးယားသမ္မတနိုင်ငံမှ ဘန်ကီမွန်း(Ban Ki- Moon) ဖြစ်ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နဝမမြောက်ဖြစ်သည့် လက်ရှိတာဝန်ထမ်းဆောင်နေသော အထွေထွေအတွင်းရေးမှူးချုပ်မှာ ပေါ်တူဂီနိုင်ငံမှ အန်တိုနီယို ဂူတာရက်စ် (Antonio Guterres)ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအချိန်တွင် ဒုတိယသက်တမ်းကို ထပ်မံအရွေးခံရပြီး ဆက်လက်တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

> **○ ကမ္ဘာ့လူသားများအကျိုးအတွက် ဆေးပညာ၊ ဆက်သွယ်ရေးပညာ၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့်ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်ခြင်းသည် လူသားများအကျိုးကို ဖြစ်ထွန်းစေပါသည်။ ကမ္ဘာ့လူသားများကို ဖျက်ဆီးနိုင်သော လက်နက်စမ်းသပ်တီထွင်မှုများမှာမူ တစ်ဦးနှင့်တစ်ဦး အင်အားပြိုင်ပြီး ပျက်စီးခြင်းတရားသို့သာ ဦးတည်မည်ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုကို စိတ်ပိုင်းဆိုင်ရာဖြင့် လူသားများကောင်းကျိုးအတွက် ထိန်းသိမ်းသွားနိုင်ရန် လိုအပ်ပါသည်။ ယခုအချိန်အခါတွင် လူငယ်များသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနောက်ကိုလိုက်ရင်း စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတွင် လွဲမှားသော အယူအဆများကြောင့် ခေတ်မီတိုးတက်မှုများကို တလွဲအသုံးချမှုများ ရှိနေပါသည်**

**ကုလသမဂ္ဂ၏ ပင်မအဖွဲ့အစည်းများ**

ကုလသမဂ္ဂတွင် ပင်မအဖွဲ့အစည်း ခြောက်ခုရှိပါသည်။ အထွေထွေညီလာခံ (General Assembly)၊ လုံခြုံရေးကောင်စီ (Security Council)၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ (Economic and Social Council)၊ နိုင်ငံငယ်များ ထိန်းသိမ်းရေးကောင်စီ (Trusteeship Council)၊ အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice)နှင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံး(Secretariat)တို့ ဖြစ်ပါသည်။ နိုင်ငံငယ်များ ထိန်းသိမ်းရေးကောင်စီသည် ၁၉၉၄ ခုနှစ်မှစ၍ ၎င်း၏ လုပ်ငန်းများကို ရပ်ဆိုင်းထားပါသည်။ သို့ရာတွင် UN Charter ကို ပြင်ဆင်ခြင်းမပြုဘဲ ပုံမှန်အားဖြင့် ဖျက်သိမ်းခြင်း မပြုနိုင်ပါ။

**အထွေထွေညီလာခံ**တွင် ပထမကော်မတီ (လက်နက်ဖျက်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေး)၊ ဒုတိယကော်မတီ (စီးပွားရေးနှင့် ဘဏ္ဍာရေး)၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာ ထောက်ထားရေးနှင့် ယဉ်ကျေးမှု)၊ စတုတ္ထကော်မတီ(အထူးနိုင်ငံရေးနှင့် ကိုလိုနီဖျက်သိမ်းရေး)၊ ပဉ္စမကော်မတီ (အုပ်ချုပ်ရေးနှင့် ဘတ်ဂျက်)နှင့် ဆဋ္ဌမကော်မတီ(ဥပဒေ)ဟု ကော်မတီ ခြောက်ခုရှိသည်။ ဆဋ္ဌမကော်မတီကို ထိုစဉ်က ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ဦးဆောင်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြပါသည်။

ထိုကော်မတီ အစည်းအဝေးခန်းမကြီး၌ အက္ခရာစဉ်အလိုက် နိုင်ငံများကို နေရာချထားပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ နေ့စဉ်အစည်းအဝေးများကို တစ်ပတ်စာ ကြိုတင်၍ ဖြန့်ဝေထားပြီး မိမိတို့နိုင်ငံအလိုက် ဆွေးနွေးလိုသည့်ကိစ္စများကို စာဖြင့် ကြိုတင်ပေးပို့ရသည်။ ထို Statement များကို တက်ရောက်သည့် အဖွဲ့ဝင်နိုင်ငံအားလုံးသို့ ဖြန့်ဝေပါသည်။ ဆဋ္ဌမကော်မတီတွင် ဆွေးနွေးသည့် အဓိကအကြောင်းအရာများမှာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ကိစ္စများ ဖြစ်ကြပါသည်။

**ကုလသမဂ္ဂအထွေထွေညီလာခံ**သည် ကုလသမဂ္ဂ၏ အဓိကပင်မအဖွဲ့အစည်းကြီးဖြစ်ပြီး မူဝါဒရေးရာကိစ္စများကို ချမှတ်သည့် အရေးအကြီးဆုံး အဖွဲ့ကြီးဖြစ်ပါသည်။ ထိုညီလာခံသို့ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံ အားလုံးတက်ရောက်ရပါသည်။ ထိုညီလာခံကို နှစ်စဉ် စက်တင်ဘာလ တတိယပတ်၊ အင်္ဂါနေ့တွင် စတင်ကျင်းပပါသည်။ ညီလာခံတွင် အရေးကြီးသော ပြဿနာများကို ဆုံးဖြတ်ခြင်း၊ အရေးကြီးသော ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု၊ အပြည်ပြည်ဆိုင်ရာဥပဒေကို စုစည်းမှု၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံနိုင်ရေးနှင့် အခြားကိစ္စများကို တိုက်တွန်းဆွေးနွေးမှုများ ဆောင်ရွက်ကြပါသည်။

ထို့ပြင် ကုလသမဂ္ဂ၏ ဘတ်ဂျက်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးဆိုင်ရာ ထည့်ဝင်မှုများကိုလည်း အတည်ပြုရပါသည်။ အချို့ကိစ္စရပ်များသည် သုံးပုံနှစ်ပုံ မဲရရှိမှုဖြင့် ဆုံးဖြတ်ရပါသည်။ ကျန်ကိစ္စများမှာ တစ်မဲသာစနစ်ဖြင့် ဆုံးဖြတ်ကြပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ၊ လူဦးရေများသည်ဖြစ်စေ နည်းသည်ဖြစ်စေ၊ တစ်နိုင်ငံလျှင် မဲတစ်မဲသာ ပေးခွင့်ရှိပါသည်။ ဥပမာအားဖြင့် စင်ကာပူကဲ့သို့ နယ်မြေအကျယ်အဝန်းသေးပြီး လူဦးရေနည်းသော နိုင်ငံနှင့် အမေရိကန်၊ ရုရှား၊ ကနေဒါ၊ တရုတ်ကဲ့သို့ နယ်မြေကျယ်ဝန်းပြီး လူဦးရေများပြားသော နိုင်ငံများမှာလည်း မဲတစ်မဲစီသာ ပေးခွင့်ရှိပါသည်။

**လုံခြုံရေးကောင်စီ**သည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရန် အဓိကတာဝန်ရှိပါသည်။ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင် ၁၅ နိုင်ငံ ဖြင့် ဖွဲ့စည်းထားပါသည်။ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမှာ တရုတ်၊ ရုရှား၊ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်တို့ဖြစ်ပါသည်။ ကျန်အဖွဲ့ဝင် ၁၀ နိုင်ငံမှာ အထွေထွေညီလာခံက နှစ်နှစ်သက်တမ်းအတွက် ရွေးချယ်ပေးရပါသည်။ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရာတွင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအပါအဝင် ကိုးနိုင်ငံ၏ ထောက်ခံမဲဖြင့် ဆုံးဖြတ်ရပါသည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး လိုက်နာရန် တာဝန်ရှိပါသည်။

**စီးပွားရေးနှင့် လူမှုရေးကောင်စီ**သည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးသော ပင်မအဖွဲ့ကြီးဖြစ်ပါသည်။ ထိုကောင်စီကို ကုလသမဂ္ဂအဖွဲ့ဝင် ၅၄ နိုင်ငံဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံက ရွေးချယ်ဖွဲ့စည်းထားပါသည်။

**နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီ**ကို အုပ်ချုပ်ခံဒေသ ၁၁ ခု အတွက် ကြည့်ရှုစောင့်ရှောက်ရန် ဖွဲ့စည်းခဲ့ပါသည်။ ထိုအုပ်ချုပ်ခံနယ်မြေအားလုံးသည် ၁၉၉၄ ခုနှစ်တွင် လွတ်လပ်ရေးရရှိသွားပြီးဖြစ်သဖြင့် ထိုကောင်စီ၏ လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ပါသည်။

*စာမျက်နှာ ၁၁ သို့*

# သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့၌ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်မည်



**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန် တောင်မြို့နယ်၌ တည်ထား ကိုးကွယ်တော်မူသော သမိုင်းဝင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး တွင် ပဉ္စမအကြိမ် ရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို တန်ဆောင် မုန်းလပြည့်နေ့၌ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**ရွှေကြာသင်္ကန်း ဆက်ကပ်မည်**

အဆိုပါပဉ္စမအကြိမ် ရွှေကြာ သင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာ တော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၅ နာရီတွင် စေတီတော် ပထမ ပစ္စယာ၊ ဒုတိယပစ္စယာ၊ တတိယ ပစ္စယာနှင့် ပန်းတင်ခုံများရှိ စေတီ တော်များ၊ ပရိဝုဏ်အတွင်းရှိ အရံ စေတီများ၊ မတ်ရပ်ရုပ်ပွားတော် များ၊ လျောင်းတော်မူရုပ်ပွားတော် များ၊ ထိုင်တော်မူရုပ်ပွားတော် များအပြင် သာသနာ့ဗောဓိက ဓမ္မာရုံအတွင်းရှိ ရုပ်ပွားတော်များ၊ မဟာဗောဓိညောင်ပင်ရှိ ရုပ်ပွား တော်များအား ရွှေကြာသင်္ကန်း များ ဆက်ကပ်ပူဇော်မည်ဖြစ် သည်။

**အလှူရှင်များလှူဒါန်းနိုင်**

ယခုအခါ တန်ဆောင်မုန်း လပြည့်နေ့၌ ဆက်ကပ်လှူဒါန်း မည့် အလျား ၆ ကိုက်ခွဲ x အနံ ၅ ကိုက်ခွဲရှိ သင်္ကန်းအစုံ ၈၂ စုံ အား ရွှေကြာပန်းများ ရက်လုပ် လျက်ရှိပြီး ရွှေကြာသင်္ကန်းများကို ပင်မ အလှူရှင်များကိုယ်တိုင် လာရောက် ဆက်ကပ်လှူဒါန်း ပူဇော်နိုင်ကြောင်းနှင့် သမိုင်းဝင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး အား ယခင်က နှစ်စဉ်မသိုး သင်္ကန်းများ ရက်လုပ်ပူဇော်ခဲ့ပြီး ယခုနှစ်တွင် ပဉ္စမအကြိမ်ဖြစ် ကြောင်း ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ထံမှ သိရသည်။

**ဟန်စုယဉ်**

*စာမျက်နှာ ၁၀ မှ*

**အပြည်ပြည်ဆိုင်ရာတရားရုံး**ကို ကမ္ဘာ့တရားရုံး အဖြစ်လည်း သိရှိကြပါသည်။ ထိုတရားရုံးက ကုလသမဂ္ဂ၏ ပင်မတရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်ပါသည်။ နယ်သာလန်နိုင်ငံ (The Netherlands) ဟိဂ်မြို့(The Hague)တွင် တည်ရှိပြီး ကုလသမဂ္ဂ၏ ပင်မအဖွဲ့အစည်းများတွင် နယူးယောက်မြို့၌ မတည်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါသည်။ ထိုတရားရုံးသည် အပြည်ပြည်ဆိုင်ရာကိစ္စများတွင် နိုင်ငံများအကြား၌ ဖြစ်ပွားသော ပြဿနာများကို အဆုံးအဖြတ်ပေးပါသည်။ ထို့ပြင် ကုလသမဂ္ဂ၏ အဖွဲ့အစည်းများက လွှဲအပ်လာသော အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သက်ဆိုင်သည့် ပြဿနာများအပေါ် အကြံပေး ထင်မြင်ချက်များကိုလည်း ပေးခွင့်ရှိပါသည်။

အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီရုံးက ရွေးချယ်သော တရားသူကြီး ၁၅ ဦးဖြင့် ကိုးနှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ပါသည်။ နိုင်ငံတစ်နိုင်ငံတည်းမှ တရားသူကြီး နှစ်ယောက်ကို ရွေးချယ်ခွင့်မရှိပါ။ တရားသူကြီးများကို ကမ္ဘာ့ပထဝီအနေအထားအရ ကမ္ဘာ့အဓိက ဥပဒေစနစ်ကြီးများကို အချိုးကျ ကိုယ်စားပြုသည့်စနစ်ဖြင့် ရွေးချယ်ပါသည်။

**အထွေထွေ အတွင်းရေးမှူးချုပ်ရုံး**သည် ကုလသမဂ္ဂ၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အဓိကဆောင်ရွက်သည့် ပင်မအဖွဲ့အစည်းကြီးဖြစ်ပါသည်။ ကုလသမဂ္ဂ၏ နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အရပ်သားဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပါသည်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ဦးဆောင်ပြီး ကမ္ဘာပေါ်ရှိ စီးပွားရေးနှင့် လူမှုရေးပြဿနာများကို စာရင်းကောက်ယူခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အထောက်အပံ့ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ စာရွက်စာတမ်းများကို ကုလသမဂ္ဂ၏ တရားဝင်ဘာသာစကားများဖြင့် ဘာသာပြန်ဆိုခြင်းတို့ကို ဆောင်ရွက်ရပါသည်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကို လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် ငါးနှစ် သက်တမ်းအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံက ခန့်အပ်ရပါသည်။

**အထူးကိုယ်စားလှယ်အဖွဲ့အစည်းများ**

ကုလသမဂ္ဂတွင် အထူးကိုယ်စားလှယ်အဖွဲ့အစည်းများ၊ ရန်ပုံငွေဖြင့် ထူထောင်ထားသော အဖွဲ့အစည်းများနှင့် အစီအစဉ်များဟု ထူထောင်ထားရှိပါသည်။

အထူးကိုယ်စားလှယ် အဖွဲ့အစည်းများသည် လွတ်လပ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်းများဖြစ်ပြီး ကုလသမဂ္ဂစနစ် အစိတ်အပိုင်းများဖြစ်ပါသည်။ ၎င်းတို့တွင် ကိုယ်ပိုင်ဖွဲ့စည်းပုံ၊ စည်းမျဉ်းများရှိပြီး ထိုအဖွဲ့အစည်းသို့ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် အခြားအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီမှုကို ရယူရပါသည်။ အထူးကိုယ်စားလှယ်အဖွဲ့အစည်းများသည် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများက ရန်ပုံငွေထည့်ဝင်ရပါသည်။ အထူးကိုယ်စားလှယ်အဖွဲ့အစည်းများမှာ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (International Labour Organization– ILO)၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (Food and Agriculture Organization–FAO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO)တို့ကဲ့သို့ အဖွဲ့အစည်းများဖြစ်ပါသည်။

ရန်ပုံငွေနှင့် အစီအစဉ်များမှာ သီးခြားကိစ္စများ နည်းပညာဆိုင်ရာ ကဏ္ဍများအတွက် စီမံချက်ချ သီးခြားဆောင်ရွက်မှုများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဦးဆောင်ကော်မတီက လမ်းညွှန်မှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၎င်းတို့၏ ရန်ပုံငွေမှာ ထိုအဖွဲ့အစည်းဝင်နိုင်ငံများ၏ အလိုအလျောက် ရန်ပုံငွေထည့်ဝင်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။ ဥပမာအားဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (The United Nations Children's Emergency Fund– UNICEF)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme– WFP) ကဲ့သို့ အဖွဲ့များဖြစ်ပါသည်။

ထို့ပြင် ရန်ပုံငွေနှင့် အစီအစဉ်များ မဟုတ်သော ကုလသမဂ္ဂနှင့် အနီးကပ်ဆက်သွယ်ဆောင်ရွက်နေသည့် အခြားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများလည်း ရှိပါသည်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency – IAEA)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO) စသည့်အဖွဲ့အစည်းများကဲ့သို့သော အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကုလသမဂ္ဂပင်မအဆောက်အအုံ၏ ၃၈ ထပ်တွင် ဥပဒေစာကြည့်တိုက်ရှိပါသည်။ ဥပဒေနှင့် သက်ဆိုင်သော စာအုပ်မျိုးစုံနှင့် စာကူးစက်များ၊ ကွန်ပျူတာနှင့် အင်တာနက်အသုံးပြုမှုများ အားလုံးကို အခမဲ့ ကြည့်ရှုပြီး အသုံးပြုနိုင်ပါသည်။ ဘာသာရပ်ပေါင်းစုံ လေ့လာနိုင်သော စာကြည့်တိုက်မှာ ပင်မအဆောက်အအုံကြီးအနီးတွင် တည်ဆောက်ထားပြီး ဒုတိယမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အသက် ၄၇ နှစ် အရွယ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ဒက်ဟာမားရှိုး(Dag Hammarskjold)ကို ဂုဏ်ပြုသောအားဖြင့် ဒက်ဟာမားရှိုး စာကြည့်တိုက်ဟု ခေါ်ဆိုပါသည်။

ကုလသမဂ္ဂပင်မအဆောက်အအုံ၏ မြေအောက်ထပ်တွင် အမှတ်တရပစ္စည်းများ ရောင်းသည့်ဆိုင်များ၊ စာအုပ်ဆိုင်များ၊ စားသောက်ဆိုင်များ စုံလင်စွာရှိသည်။ အဖိုးတန်စာအုပ်များ၊ ကုလသမဂ္ဂနှင့်ဆိုင်သော အမှတ်တရပစ္စည်းများ ဝယ်ယူနိုင်ပါသည်။

ကုလသမဂ္ဂသည် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကမ္ဘာ့နိုင်ငံအများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်းဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ထိုသို့သော အနိဋ္ဌာရုံစစ်ပွဲကြီးများ ထပ်မံမဖြစ်စေရန် အဓိကအားဖြင့် ရည်ရွယ်တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် တတိယကမ္ဘာစစ်ဖြစ်လုနီးပါး အခြေအနေတင်းမာမှုများ ဖြစ်ပွားလျက်ရှိရာ ယနေ့အချိန်အထိမှာကား တတိယကမ္ဘာစစ်မဖြစ်ရန် ထိန်းသိမ်းနိုင်သေးသည့် အခြေအနေရှိပါသည်။ ကမ္ဘာပေါ်တွင် ကမ္ဘာ့ခေါင်းဆောင်များ အပါအဝင် လူသားများအားလုံး၏ လောဘ၊ ဒေါသ၊ မောဟများ တတ်နိုင်သလောက် လျှော့ချထိန်းသိမ်းနိုင်မည်ဆိုပါက ထိုကဲ့သို့သော တင်းမာမှုများ လျော့ကျပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့သမိုင်းတွင် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့ကို မျက်ဝါးထင်ထင် တွေ့ကြုံခံစားလိုက်ရသူများမှာ "စစ်ဆိုသည့်" အသံကို လုံးဝကြားချင်စိတ် ရှိကြမည်မဟုတ်ပါ။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည်တို့တွင်လည်း စစ်ပွဲများဖြစ်ခဲ့ကြသည်။ သို့ရာတွင် ကမ္ဘာပျက်လောက်သည့် လက်နက်အထူးအဆန်းများ မပေါ်ပေါက်သေးသဖြင့် ထိခိုက်သေကျေပျက်စီးမှု နည်းပါးပါသည်။ ဓား၊ လှံ၊ သေနတ်များ ပေါ်ပေါက်လာသည့်အခါ ရှေးခေတ်များထက် ပိုမို၍ သေကျေပျက်စီးမှုများပြားလာပါသည်။ ထို့ထက်ပို၍ အဏုမြူခေတ်သို့ ရောက်ရှိသည့်အခါ ကမ္ဘာကြီးတစ်ခုလုံးကိုပင် ပျက်စီးသွားနိုင်စေသည့် အခြေအနေမျိုးသို့ ရောက်ရှိလာပါသည်။

**ကမ္ဘာ့လူသားများအကျိုးအတွက် ဆေးပညာ၊ ဆက်သွယ်ရေးပညာ၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့်ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်ခြင်းသည် လူသားများအကျိုးကို ဖြစ်ထွန်းစေပါသည်။ ကမ္ဘာ့လူသားများကို ဖျက်ဆီးနိုင်သော လက်နက်စမ်းသပ်တီထွင်မှုများမှာမူ တစ်ဦးနှင့်တစ်ဦး အင်အားပြိုင်ပြီး ပျက်စီးခြင်းတရားသို့သာ ဦးတည်မည်ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို စိတ်ပိုင်းဆိုင်ရာဖြင့် လူသားများကောင်းကျိုးအတွက် ထိန်းသိမ်းသွားနိုင်ရန် လိုအပ်ပါသည်။ ယခုအချိန်အခါတွင် လူငယ်များသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနောက်ကိုလိုက်ရင်း စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတွင် လွဲမှားသော အယူအဆများကြောင့် ခေတ်မီတိုးတက်မှုများကို တလွဲအသုံးချမှုများ ရှိနေပါသည်။**

လူငယ်များ၏ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး၊ ဘာသာသာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်လိုသော စိတ်ဓာတ်များကိုလည်း လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမကို အနှစ်ချုပ်ပါက –

**"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"**ဟု ဆုံးမတော်မူထားပါသည်။ အဓိပ္ပာယ်မှာ အလွန်လေးနက်လှပါသည်။ လူသားများသည် ထို အဆုံးအမတရားများကို တတ်နိုင်သမျှ လိုက်နာခြင်းဖြင့်သာ ကမ္ဘာကြီးသည် ငြိမ်းချမ်းသာယာမှု ရရှိမည်ဖြစ်ပါသည်။

**ဘာသာတရားတိုင်း၏ အဆုံးအမမှာလည်း ဤအတိုင်းပင်ဖြစ်ပါသည်။ မည်သည့်ဘာသာကမျှ မကောင်းမှုလုပ်ရန်၊ သူ့အသက်သတ်ရန်၊ သူ့ဥစ္စာခိုးရန် မတိုက်တွန်းကြပါ။ ကမ္ဘာ့လူသားများသည် မည်သည့်လူမျိုး၊ မည်သည့်ဘာသာ၊ မည်သည့်အရပ်ဒေသတွင် နေသည်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး မေတ္တာ၊ စေတနာ၊ ကရုဏာဖြင့် စိတ်ကောင်းများထားရှိမည်ဆိုပါက ခိုက်ရန်ဖြစ်ပွားခြင်း၊ စစ်မက်ဖြစ်ပွားခြင်းများ နည်းပါးကြမည်ဖြစ်ပါသည်။ လူသားများ ကောင်းကျိုးချမ်းသာတိုးတက်မှုအတွက် တီထွင်ဆန်းသစ်မှုများသည် အလွန်ကောင်းမွန်ပါသည်။ သို့ရာတွင် လူသားများကို သေကျေပျက်စီးစေမည့် အဖျက်လက်နက်ဆန်းများ တီထွင်တိုးတက်ခြင်းမှာမူ အလွန်စိုးရိမ်ကြောက်ရွံ့ဖွယ် တိုးတက်မှုများဖြစ်ပါသည်။**

ကုလသမဂ္ဂကို ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် နိုင်ငံများက စုပေါင်းဖွဲ့စည်းခဲ့ကြပါသည်။ ယခုဆိုလျှင် နှစ် ၈၀ သက်တမ်းသို့ ရောက်ရှိခဲ့ပါပြီ။ ကမ္ဘာပေါ်တွင် စစ်ပွဲများ ဖြစ်ပွားနေကြသော်လည်း ကမ္ဘာစစ်အဖြစ်သို့ မရောက်ရှိစေရန် ထိန်းသိမ်းနိုင်ခဲ့ပါသည်။

ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်ခဲ့သူများ တစ်ဦးပြီး တစ်ဦး ပြောင်းလဲခဲ့ပါသော်လည်း ကုလသမဂ္ဂကြီးကား ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ ကမ္ဘာတည်သရွေ့ ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် လူသားများအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ရပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဦးစီးရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် အောက်တိုဘာ ၂၀**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ပြည့်စုံစေရေး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်က ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာနှင့် လင်ဖုံလေးကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေး သွားရောက်တွေ့ဆုံအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာသို့ ရောက်ရှိပြီး တောင်မေ့ဘုန်းတော်ကြီးကျောင်း ဉာဏဗိမာန်ဓမ္မာရုံ၌ ကုန်းသာကျေးရွာတွင် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဝင်ရောက်နေထိုင်ကြသူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အမြန်ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် မိမိတို့ ရပ်ရွာဒေသအား ယခင်ကဲ့သို့ စည်ပင်သာယာဖွံ့ဖြိုးလာအောင် ကျေးရွာနေ ပြည်သူများကလည်း ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အခက်အခဲများနှင့် ဖြည့်ဆည်းပေးရန်များကို တင်ပြစေလိုကြောင်း ပြောကြားကာ ဒေသကွပ်ကဲရေးမှူးက နယ်မြေလုံခြုံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အမိုးသွပ်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဆောင်းသီးနှံနေကြာစိုက်ပျိုးမည့် တောင်သူများအတွက် နေကြာမျိုးစေ့ထုပ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။ ယင်းနောက် တောင်မေ့ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပေးနိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အထက(ကုန်းသာ)ကျောင်းသို့သွားရောက်ပြီး ကျောင်းပြန်လည်ဖွင့်လှစ် သင်ကြားနိုင်ရန်အတွက် စာသင်ဆောင်များ ပြုပြင်ဆောင်ရွက်ရန်နှင့် ကျောင်းဝင်းသန့်ရှင်းရေးဆောင်ရွက်ရန် လိုအပ်သည်များ ကြည့်ရှုစစ်ဆေးပြီး အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ကုန်းသာကျေးရွာ လျှပ်စစ်မီး ပြန်လည်ရရှိရေး မီးလိုင်းများသွယ်တန်းနေမှုနှင့် ထရန်စဖော်မာများ ပြန်လည်တပ်ဆင်ပေးနေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လင်ဖုံလေးကျေးရွာသို့ ရောက်ရှိပြီး လင်ဖုံလေးပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာစွမ်းသျှန်



ကျောင်းတိုက်ဆရာတော်တို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လင်ဖုံလေး (အထက်နှင့်အောက်)ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

ထို့နောက် ကျေးရွာအတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ဇိနမာန်အောင် စေတီတော်မြတ်နှင့် မိုးကောင်းဘုရားများ ပြန်လည်ပြုပြင်နိုင်ရေး ကြည့်ရှုခဲ့ပြီး ကျေးရွာအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အလက(လင်ဖုံလေး)ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆေးပေးခန်း အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၊ စာသင်ဆောင်များနှင့် ဆရာ ဆရာမနေအိမ်များ ပြုပြင်ရန် လိုအပ်သည့် အခြေအနေများအား လှည့်လှည်ကြည့်ရှုစစ်ဆေး၍ အမြန်ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ မင်္ဂလာစွမ်းသျှန်ဘုန်းတော်ကြီးကျောင်းအတွင်း ယာယီဖွင့်လှစ်လျက်ရှိသည့် အလက(လင်ဖုံလေး)ကျောင်း စာသင်ခန်းများ ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးရာ တာဝန်ခံကျောင်းအုပ်ကြီးက ကျောင်းတက်ရောက်မှုနှင့် ဆရာ ဆရာမများ တာဝန်ထမ်းဆောင်မှုများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က သင်ထောက်ကူပစ္စည်းများနှင့် သင်ရိုးစာအုပ်များ ပြည့်စုံစွာစီမံပေးရန် မှာကြားပြီး ကျေးရွာပြည်သူများ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ်**

**(ပြန်/ဆက်)**


**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)

| | |
|---|---|
| အာဆင်နယ် | အက်သလက်တီကို |
| လေဗာကူဆင် | ပီအက်စ်ဂျီ |
| ကိုပင်ဟေဂင် | ဒေါ့မွန် |
| နယူးကာဆယ် | ဘင်ဖီကာ |
| ပီအက်စ်ဗွီ | နာပိုလီ |
| ယူနီယံစိန့် | အင်တာမီလန် |
| ဗီလာရီးရဲ | မန်စီးတီး |
| ဘီလ်ဘာအို | ကာရာဘတ် |
| ဂါလာတာစရေး | ဘိုဒိုဂလင့် |

အောက်တိုဘာ ၂၂၊ ၂၀၂၅

အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အာဆင်နယ်နဲ့ အက်သလက်တီကိုမက်ဒရစ်၊ လေဗာကူဆင်နဲ့ ပီအက်စ်ဂျီ၊ ဗီလာရီးရဲနဲ့ မန်စီးတီးတို့တွေ့ဆုံတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# တိုက်စစ်ထက်မြက်တဲ့ မန်စီးတီးကို ဗီလာရီးရဲအသင်း ပွဲချိန်ပြည့် ဟန့်တားဖို့မလွယ်

## အာဆင်နယ် VS အက်သလက်တီကို — နံနက် ၁း၃၀





အာဆင်နယ်က အက်သလက်တီကိုနဲ့ တွေ့ဆုံတိုင်း ခက်ခက်ခဲခဲ ရုန်းကန်ရပြီး ရလဒ်ဆိုးရွားလေ့ရှိတယ်။ သို့သော်လည်း နှစ်သင်းစလုံးမှာ ပွဲရလဒ်အဖြေကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားတွေ အများအပြားရှိတာကြောင့် ဖိအားပေးကစားနိုင်တဲ့အသင်းထက် ရရှိလာမယ့်အခွင့်အရေးကို သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်တဲ့အသင်းသာ ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။

■ စောင့်ကြည့်ရမယ့်ကစားသမား
မာတင်နယ်လီ
အာဆင်နယ် (တောင်ပံ)
သွင်းဂိုး+ဂိုးဖန်တီးမှု = ၃

| အာဆင်နယ်နဲ့ အက်သလက်တီကို ထိပ်တိုက်တွေ့ဆုံမှု သုံးပွဲရလဒ် | | |
|---|---|---|
| အက်သလက်တီကို | ၁-၁ | အာဆင်နယ် |
| အက်သလက်တီကို | ၁-၀ | အာဆင်နယ် |
| အာဆင်နယ် | ၁-၁ | အက်သလက်တီကို |

■ စောင့်ကြည့်ရမယ့်ကစားသမား
အယ်ဗာရက်စ်
အက်သလက်တီကို (တိုက်စစ်)
သွင်းဂိုး+ဂိုးဖန်တီးမှု = ၃

## လေဗာကူဆင် VS ပီအက်စ်ဂျီ — နံနက် ၁း၃၀





ပထမဆုံးနိုင်ပွဲရဖို့ အားစိုက်ကစားလာမယ့် လေဗာကူဆင်ရဲ့ ရုန်းအားကြောင့် ပီအက်စ်ဂျီအသင်း အခက်တွေ့နိုင်တယ်။ ပီအက်စ်ဂျီက လေဗာကူဆင်ထက် တိုက်စစ်ပိုင်းအားသာပြီး ခံစစ်ပိုင်းတည်ငြိမ်မှုရှိတယ်။ ပီအက်စ်ဂျီရဲ့ခြေစွမ်းထက်မြက်မှုရှိတယ်ဆိုပေမယ့် လေဗာကူဆင်ရဲ့ တုန့်ပြန်တိုက်စစ်ဆင်မှုကို မဟန့်တားနိုင်ခဲ့ရင် မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

■ စောင့်ကြည့်ရမယ့်ကစားသမား
ဂရီမဲလ်ဒို
လေဗာကူဆင် (တောင်ပံ)
သွင်းဂိုး+ဂိုးဖန်တီးမှု = ၁

| လေဗာကူဆင်နဲ့ ပီအက်စ်ဂျီ ထိပ်တိုက်တွေ့ဆုံမှု နှစ်ပွဲရလဒ် | | |
|---|---|---|
| ပီအက်စ်ဂျီ | ၂-၁ | လေဗာကူဆင် |
| လေဗာကူဆင် | ၀-၄ | ပီအက်စ်ဂျီ |
| | - | |

■ စောင့်ကြည့်ရမယ့်ကစားသမား
ရာမို့စ်
ပီအက်စ်ဂျီ (တိုက်စစ်)
သွင်းဂိုး+ဂိုးဖန်တီးမှု = ၃

## ဗီလာရီးရဲ VS မန်စီးတီး — နံနက် ၁း၃၀





ပြီးခဲ့တဲ့နှစ်ပွဲမှာ ဗီလာရီးရဲက နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံး ရလဒ်ရရှိထားတယ်။ မန်စီးတီးက တစ်ပွဲနိုင်နဲ့ တစ်ပွဲသရေကျထားတယ်။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့်ထိပ်တန်းကစားသမားတွေ အများအပြားရှိတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်တယ်။ သို့သော်လည်း တိုက်စစ်ပိုင်းထက်မြက်တဲ့ မန်စီးတီးကို ဗီလာရီးရဲအသင်း ခံစစ်ပွဲချိန်ပြည့် ဟန့်တားဖို့မလွယ်ဘူး။

■ စောင့်ကြည့်ရမယ့်ကစားသမား
နီကိုလပ်စ် ပီပီ
ဗီလာရီးရဲ (တိုက်စစ်)
သွင်းဂိုး+ဂိုးဖန်တီးမှု = ၁

| ဗီလာရီးရဲနဲ့ မန်စီးတီး ထိပ်တိုက်တွေ့ဆုံမှု နှစ်ပွဲရလဒ် | | |
|---|---|---|
| ဗီလာရီးရဲ | ၀-၃ | မန်စီးတီး |
| မန်စီး | ၂-၁ | ဗီလာရီးရဲ |
| | - | |

■ စောင့်ကြည့်ရမယ့်ကစားသမား
ဟာလန်း
မန်စီးတီး (တိုက်စစ်)
သွင်းဂိုး+ဂိုးဖန်တီးမှု = ၃



# ရီးရဲမက်ဒရစ်က ဂီတာဖေးကို အနိုင်ယူပြီး အမှတ်ပေးဇယားကို နှစ်မှတ်ဖြတ်ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၉) အဖြစ် အောက်တိုဘာ ၂၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဂီတာဖေးနှင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက အဓိကတိုက်စစ်ကစားသမား အမ်ဘာပေ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းသည် အနီးစပ်ဆုံးပြိုင်ဘက် ဘာစီလိုနာအသင်းကို နှစ်မှတ်အသာ ရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ဂီတာဖေးအသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် မိနစ် ၇၀ ကျော်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ဂီတာဖေးအသင်းမှ ခံစစ်ကစားသမားတစ်ဦးနှင့် တိုက်စစ်ကစားသမားတစ်ဦး အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

## မက်ဂွိုင်းယား၏ သွင်းဂိုးကြောင့် မန်ယူက အသင်းကြီး လီဗာပူးကို အနိုင်ရ

ပရီမီယာလိပ်ပွဲစဉ် (၈) မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် လီဗာပူးနှင့် မန်ယူအသင်းပွဲစဉ်တွင် မန်ယူအသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ကို အောက်တိုဘာ ၁၉ ရက် ည ၁၀ နာရီက အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် နောက်ဆုံးမိနစ်အထိ အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

မန်ယူအသင်းဂိုးသမား လန်းမန်းစ် အထူးလက်စွမ်းပြသနိုင်ခဲ့ပြီး လီဗာပူးအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲစုံ နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

မန်ယူအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ရှစ်ပွဲကစားပြီး လေးပွဲနိုင်၊ တစ်ပွဲသရေနှင့် သုံးပွဲရှုံးရလဒ်ရရှိကာ ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၉ တွင် ရပ်တည်နေသည်။ ပြိုင်ဘက် လီဗာပူးအသင်းက ငါးပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ရရှိကာ အဆင့် ၄ တွင် ရပ်တည်နေသည်။

ပရီမီယာလိဂ်ပွဲစဉ် (၈) အပြီးတွင် အမှတ်ပေးဇယားကို အာဆင်နယ်က ရမှတ် ၁၉ မှတ်ဖြင့် ဦးဆောင်ထားသည်။

# ပြိုင်ဘက်ကိုအနိုင်ယူပြီး ဂျပန်အိုးပင်း ၁၆ ဦးအဆင့် မေရာဂျိုင်း တက်ရောက်




ဂျပန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်ပြိုင်ပွဲအဖြစ် အောက်တိုဘာ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဆွစ်ဇာလန်တင်းနစ်မယ် ဂိုလူဘစ်နှင့် သြစတြေးလျနာမည်ကျော် တင်းနစ်မယ် မေရာဂျိုင်းပွဲစဉ်တွင် မေရာဂျိုင်းက အကြိတ်အနယ်ကစားကာ ၁-၆၊ ၇-၆ (၇-၅)၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အသက် ၁၉ နှစ်အရွယ်သာရှိသေးသည့် မေရာဂျိုင်းသည် ဂျပန်အိုးပင်းပြိုင်ပွဲကို ၃၂ ဦးအဆင့်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိထားသူ ဖြစ်သည်။ ၎င်းသည် ဂျပန်အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ချက်ဖ်နာမည်ကျော်တင်းနစ်မယ် ကာရိုလီနာ မူချိုဗာနှင့် အောက်တိုဘာ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ကာရိုလီနာ မူချိုဗာသည် ဂျပန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် တစ်နိုင်ငံတည်းသူ မာကီတာ ဗွန်ဒရော့ဆိုဗာကို အနိုင်ယူကျော်ဖြတ်ကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။ မေရာဂျိုင်းသည် စက်တင်ဘာလက ယှဉ်ပြိုင်ကစားခဲ့သည့် ကိုရီးယားအိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်သည်။

မေရာဂျိုင်းနှင့်အတူ ဂျပန်အိုးပင်း ၁၆ ဦးအဆင့်သို့ အခြားနာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ကာလင်စကာယာ၊ ကက်စလာ၊ ဂရာချီဗာ၊ လီစ်တို့ တက်လှမ်းနိုင်ခဲ့သည်။ ဗြိတိန်တင်းနစ်မယ် ဘော်လ်တာမှာ ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ယခုနှစ် ဂျပန်အိုးပင်းပြိုင်ပွဲကို ၃၂ ဦးအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

## ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးအပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ဖွင့်လှစ်

**ဖနောင်ပင် အောက်တိုဘာ ၂၀**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်သည် နိုင်ငံ၏ အကြီးဆုံးလေဆိပ်သစ်ဖြစ်သည့် Techo အပြည်ပြည်ဆိုင်ရာလေဆိပ်(TIA)ကိုအောက်တိုဘာ ၂၀ ရက်တွင် တရားဝင်အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိသည့် ကမ္ဘာ့အဆင့်မီလေဆိပ်ကို လုံးဝပိတ်ခဲ့သည့် ဖနောင်ပင်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဟောင်းနေရာတွင် အစားထိုးခဲ့ကြောင်း ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

လက်ရှိတွင် TIA သည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးလေဆိပ်ဖြစ်ကြောင်း၊ TIA သည် ရင်းနှီးမြှုပ်နှံသူများနှင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရန် ကူညီပေးခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးနှင့်ခရီးသွားလုပ်ငန်းတိုးတက်မှုအတွက် အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ လေဆိပ်သည် ကမ္ဘောဒီးယားနိုင်ငံကို ပိုမိုကျယ်ပြန့်သည့် ကမ္ဘာမြေနှင့် ချိတ်ဆက်ပေးမည့် အဓိကပေါင်းကူးတံတားတစ်ခု၊ နိုင်ငံ၏ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းအတွက် မောင်းနှင်အား တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေဆိပ်စီမံကိန်းများကို ၂၀၂၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ လုပ်ငန်းလည်ပတ်နေသည့် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုရှိပြီး ယင်းတို့မှာ TIA အပြည်ပြည်ဆိုင်ရာလေဆိပ်၊ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Sihanouk အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးလေဆိပ်သစ်ဖြစ်သည့် Techo အပြည်ပြည်ဆိုင်ရာလေဆိပ်(TIA)ကို တွေ့ရစဉ်။



## တရားမဝင်သတ္တုတူးဖော်မှုနှင့် သယံဇာတများ မှောင်ခိုထုတ်ယူမှုကြောင့် ရူပီးယား ထရီလီယံသောင်းချီ ဆုံးရှုံးလျက်ရှိဟု အင်ဒိုနီးရှားသမ္မတပြော

**ဂျကာတာ အောက်တိုဘာ ၂၀**

တရားမဝင် သတ္တုတူးဖော်မှု၊ မှောင်ခိုလုပ်ငန်းနှင့် သဘာဝသယံဇာတကဏ္ဍတွင် အခြားသော နည်းလမ်းမျိုးစုံဖြင့် လိမ်လည်လှည့်ဖြားမှုများသည် နိုင်ငံတော်အတွက် ကြီးမားသောဆုံးရှုံးမှု ဖြစ်စေခဲ့ကြောင်း၊ နှစ်စဉ် ရူပီးယား ထရီလီယံသောင်းချီဆုံးရှုံးလျက်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက အောက်တိုဘာ ၂၀ ရက်က ပြောကြားလိုက်သည်။

စားအုန်းဆီကြမ်းနှင့် ဆက်စပ်ကိစ္စရပ်များ အပါအဝင် အကျင့်ပျက်ခြစားမှုမှ နိုင်ငံတော်၏ဆုံးရှုံးမှုအတွက် ရူပီးယား ၁၃ ဒသမ ၂၃ ထရီလီယံ (အမေရိကန်ဒေါ်လာ သန်း ၈၀၀ ဝန်းကျင်) ပြန်လည်ရရှိရေး အထိမ်းအမှတ်အခမ်းအနားတွင် ပရာဘိုဝိုက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုအတွက် ရှေ့နေချုပ်ရုံးအား ချီးကျူးဂုဏ်ပြုခဲ့သည်။

ဘန်ဂါဘယ်လီတန်မှ ခဲမဖြူများ မှောင်ခိုတင်သွင်းမှုကို ရပ်တန့်ရန် မကြာသေးမီက ကြိုးပမ်းဆောင်ရွက်ချက်များက နှစ်စဉ်ရူပီးယား ၄၀ ထရီလီယံအထိ ဆုံးရှုံးနေသည်ကို ဖော်ထုတ်တွေ့ရှိခဲ့သည်ဟု ပရာဘိုဝိုက ပြောကြားခဲ့သည်။ ထိုသို့ဆုံးရှုံးနေသည်မှာ ဆယ်စုနှစ်နှစ်စုနီးပါး ရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။

ပြည်သူ့အကျိုးစီးပွားကို ထိခိုက်စေသည့် မည်သည့်အဖွဲ့အစည်းမဆို အစိုးရက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဗီယက်နမ်နှင့် လာအိုနိုင်ငံသို့ အပူပိုင်းမုန်တိုင်းဖန်ရှန် ချဉ်းကပ်ဝင်ရောက်မည် မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်ရန် ဒေသခံပြည်သူများအား သတိပေး

**ဗီယင်ကျန်း အောက်တိုဘာ ၂၀**


လာအိုနိုင်ငံသို့ အပူပိုင်းမုန်တိုင်းဖန်ရှန် ချဉ်းကပ်ရောက်ရှိလာနိုင်ခြင်းနှင့်အတူ နေရာအနှံ့အပြားမိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုခြင်းနှင့် ရေကြီးခြင်းများဖြစ်ပေါ်လာနိုင်သဖြင့် ဒေသခံပြည်သူများကို ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ပြင်ဆင်ထားရန် သက်ဆိုင်ရာအာဏာပိုင်များက သတိပေးတိုက်တွန်းထားသည်။

မုန်တိုင်းသည် လာအိုသို့ ဖြတ်ကျော် မဝင်ရောက်မီ ဗီယက်နမ်သို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ အပူပိုင်းမုန်တိုင်းကြောင့် လာအိုနိုင်ငံတစ်ဝန်း တချို့ဒေသများတွင် အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ အနည်းငယ်မှ အလယ်အလတ်အထိ မိုးသက်မုန်တိုင်းများ ကျရောက်နိုင်ကြောင်း လာအိုစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန လက်အောက်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်း၊ ကျေးလက်ဒေသများတွင် ရေလွှမ်းမိုးခြင်းစသည့် ဘေးအန္တရာယ်များမှ ဒေသခံပြည်သူများကို သတိထားနေထိုင်ရန် သက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းထားသည်။

ထို့ပြင် မုန်တိုင်းသတိပေးသတင်း အချက်အလက်များကို မပြတ်ဂရုစိုက်ရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်အခါအားလျော်စွာ ထုတ်ပြန်သည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတိပေးချက်များကို လိုက်နာရန်လည်း ဒေသခံပြည်သူများကို တိုက်တွန်းထားသည်။

အပူပိုင်းမုန်တိုင်း ဖန်ရှန်သည် အောက်တိုဘာ ၁၉ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ရာ ပြည်နယ် ကိုးခု၊ မြို့ပေါင်း ၃၅ မြို့အတွင်းရှိ မိသားစုပေါင်း ၃၇၈၂၅စုသို့မဟုတ် ၁၃၃၁၉၆ဦး မုန်တိုင်းဒဏ်ခံစားခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**




## ဟူသီအဖွဲ့က မြို့တော်ဆာနားရှိ ကုလသမဂ္ဂအဆောက်အအုံဝင်းအတွင်း ကုလဝန်ထမ်း ၂၀ ကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထား

**ဆာနား အောက်တိုဘာ ၂၀**

ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က မြို့တော်ဆာနားရှိ ကုလသမဂ္ဂ အဆောက်အအုံ ဝင်းအတွင်း ကုလသမဂ္ဂဝန်ထမ်း ၂၀ ကို ဆက်လက်ဖမ်းဆီး ထိန်းသိမ်းထားဆဲဖြစ်ကြောင်း ယီမင်နိုင်ငံရှိ ကုလသမဂ္ဂရုံးမှ သတင်းအရင်းအမြစ်ကို ဆင်ဟွာသတင်းဌာနက အောက်တိုဘာ ၂၀ ရက်တွင် ကိုးကားဖော်ပြထားသည်။

အောက်တိုဘာ ၁၈ ရက်က ဟူသီ ထောက်လှမ်းရေးအဖွဲ့ဝင်ရောက်စီးနင်းခဲ့သော ဟက်ဒါလမ်းပေါ်ရှိ ကုလသမဂ္ဂအဆောက်အအုံအတွင်း ဒေသခံဝန်ထမ်း ၁၁ဦးကို အောက်တိုဘာ ၁၉ ရက်နှောင်းပိုင်းတွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။ သို့သော်လည်း နိုင်ငံခြားသား ၁၅ ဦးနှင့် ယီမင်လူမျိုး ငါးဦးပါ အခြားအဖွဲ့ဝင်များကို တတိယနေ့အဖြစ် အဆိုပါ အဆောက်အအုံဝင်းအတွင်း ဆက်လက်ဖမ်းဆီး ထိန်းသိမ်းထားဆဲ ဖြစ်ကြောင်း သိရသည်။

ဟူသီ ထောက်လှမ်းရေး အရာရှိများသည် ဖမ်းဆီး ထိန်းသိမ်းထားသော ဝန်ထမ်းများကို ဆက်လက်စစ်ဆေးမေးမြန်းရန် အဆောက်အအုံအတွင်း နေရာယူထားဆဲဖြစ်ကြောင်း သိရသည်။ အဆိုပါဝန်ထမ်းများအား တင်းကျပ်သော ကြီးကြပ်မှုအောက်တွင် ၎င်းတို့၏ မိသားစုဝင်များနှင့် အကန့်အသတ်ဖြင့် ဆက်သွယ်ခွင့်ပြုထားကြောင်း သိရသည်။ ကုလသမဂ္ဂက ဖမ်းဆီးထိန်းသိမ်းထားသော ရုံးဝန်ထမ်းများနှင့် ပတ်သက်ပြီး တရားဝင်ကြေညာချက်တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်း မရှိသေးပေ။ **ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံ၌ ကလေးငယ်သေဆုံးမှုမှ ကာကွယ်ရန် အမျိုးသားအဆင့် စည်းရုံးမှုများပြုလုပ်

**ဖနောင်ပင် အောက်တိုဘာ ၂၀**

ကလေးများကို ယာဉ်တိုက်ခံရမှုနှင့် ရေနစ်သေဆုံးမှုမှ ကာကွယ်ရန် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် မိတ်ဖက်အဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံသည် အောက်တိုဘာ ၂၀ ရက်က အမျိုးသားအဆင့် စည်းရုံးလှုံ့ဆော်မှုနှစ်ခုကို ပြုလုပ်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ယာဉ်တိုက်ခံရမှုနှင့် ရေနစ်သေဆုံးခြင်းသည် ကလေးသေဆုံးမှုနှုန်း အများဆုံးဖြစ်စေသည့် အဓိကအကြောင်းရင်းနှစ်ခုဖြစ်ပြီး နှစ်စဉ်ကလေးထောင်ပေါင်းများစွာ ဤနည်းဖြင့်သေဆုံးလျက်ရှိသည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တစ်နှစ်တည်းတွင် ယာဉ်တိုက်ခံရမှုကြောင့်ကလေး ၁၅၉၀ ခန့်သေဆုံးခဲ့ပြီး ယင်းက တစ်နေ့လျှင် ပျမ်းမျှအားဖြင့် ငါးဦးနှုန်းခန့်ဖြစ်နေကြောင်းနှင့် ဒဏ်ရာရရှိသူပေါင်း ၄၅၀၀ ခန့်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်စဉ်ကလေးငယ်ပေါင်း ၁၃၀၀ ခန့် ရေနစ်သေဆုံးလေ့ရှိသောကြောင့် အရေးပေါ် ပြည်သူ့ကျန်းမာရေးရှုထောင့်အရ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **ဆင်ဟွာ**

# မိုင်းတုံမြို့နယ်ရှိ သံလွင်တံတားသစ်(တာဆန်း) တည်ဆောက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် သံလွင်တံတားသစ် (တာဆန်း)တည်ဆောက်နေမှုကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ တံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တံတားဟောင်း၏ ကြံ့ခိုင်မှုအခြေအနေ၊ တံတားသစ်စီမံကိန်းဖြစ်ပေါ်လာပုံ၊ စီမံကိန်းအား ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စီမံကိန်းအပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက စီမံကိန်းအချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တံတားသစ် တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် လက်ရှိအသုံးပြုလျက်ရှိသော တံတားဟောင်း၏ ကြံ့ခိုင်မှုအခြေအနေကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါတံတားဟောင်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင်တို့ကို ဆက်သွယ်ထားသည့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ အဓိကသံလွင်မြစ်ကူး ကြိုးတံတားတစ်စင်းဖြစ်ပြီး သက်တမ်းကာလကြာမြင့်ကာ တံတားခံနိုင်ရည်ကျဆင်းလာခြင်းကြောင့် ၎င်း၏အနီး၌ အရှည် ၈၇၆ ပေရှိ RC Concrete အမျိုးအစား တံတားသစ်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်ဒီဇင်ဘာလအတွင်း ခန့်မှန်းပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားရှိမှုအား ကြည့်ရှုအားပေး

**လယ်ဝေး အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးသည် အောက်တိုဘာ ၁၆ ရက်က လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် မဲစာရင်းများ ကပ်ထားကြေညာမှုကို ကွင်းဆင်းကြည့်ရှုအားပေး၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အေလာကျေးရွာနှင့် ရုံးပင်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီနှင့် တာဝန်ရှိသူများသည် လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွာသစ်-ရုံးပင်-ရှမ်းရွာ-ဗွက်ကြီးရိုး-သဖန်းပင်- ရေကာ-ဘိုကတော် - ကြို့တန်း - သစ်ခေါက်ခွ - ကြို့ပင် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းတွင် ရွာသစ်ကျေးရွာမှ ရုံးပင်ကျေးရွာအထိ နှစ်ဖာလုံကို ကတ္တရာလမ်းခင်းရန် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို မှာကြားခဲ့သည်။



**မြို့နယ်( ပြန်/ဆက်)**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၁၀ - ၂၀၂၅ ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၄၀၀ | ၁၁၂၂ | ၉၃၀၈၉၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၃၀ | ၁၀၃၅၀၀ |
| MCB | ၇၉၀၀ | ၈၁၀၀ | ၂၀ | ၁၆၀၀၀၀ |
| FPB | ၂၅၀၀ | ၂၅၀၀ | ၄၆၄ | ၁၁၆၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄ | ၆၅၃၅၀ |
| EFR | ၁၈၅၀ | ၁၉၀၀ | ၁၅၃၈ | ၂၈၆၅၃၀၀ |
| AMATA | ၃၄၀၀ | ၃၄၅၀ | ၁၄၆ | ၅၀၃၂၀၀ |
| MAEX | ၃၄၀၀ | ၃၃၅၀ | ၁၇၂၉ | ၅၈၆၆၂၅၀ |

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျှော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာ ဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုက်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၂၀-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၂-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အထက်တန်းဆင့်သင် ဆရာ ဆရာမများအား အရည်အသွေးမြှင့်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သင်ထောက်ကူပစ္စည်းများ လက်တွေ့ အသုံးချသင်ကြားနိုင်ရေးအတွက် အခြေခံပညာ အထက်တန်းဆင့်သင် ဆရာ ဆရာမများ အရည်အသွေးမြှင့် ဆွေးနွေး မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၈ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် Naypyitaw State Academy ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာသူဇာယဉ်က သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားကာ မိတ္ထီလာတက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါက်တာခင်နီနီစိုးက သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း ကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများ၊ နေပြည်တော်အတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများ စုစုပေါင်း ၅၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

## စကုမြို့၌ အားကစားကော်မတီဥက္ကဋ္ဌဖလား ချစ်ကြည်ရေး ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပ

**မင်းဘူး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး စကုမြို့၌ အားကစား ကော်မတီဥက္ကဋ္ဌဖလား နေရှင်နယ်နှစ်ယောက်တွဲ ချစ်ကြည်ရေး ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက စကုမြို့ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။



ဦးစွာ အားကစားသမားများက ကွင်းအတွင်း၌ နိုင်ငံတော်အလံ အားအလေးပြု၍ အားကစား သစ္စာခံဌာန်အား ရွတ်ဆိုပြီး စကုမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ပိုင်က အမှာစကားပြောကြားကာ အိမ်ရာ B အသင်းနှင့် Diamond B အသင်းများက စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပပေးသွားမည်ဖြစ်ပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ် ပိုက်ကျော်ခြင်း အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များဖြင့် ကျင်းပခြင်းဖြစ်ပြီး အဆိုပါ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းက ဝင်ရောက်ယှဉ်ပြိုင်ကြကာ ယခုပြိုင်ပွဲများတွင် ထူးချွန်သူများအား စိစစ်ရွေးချယ်၍ မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ပေးမည်ဖြစ်ကြောင်း စကုမြို့ အားကစားကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အသိပေးကြေညာ

**သာပေါင်း အောက်တိုဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီမှစတင်ကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ ပြည်သူများ သိရှိလေ့လာနိုင်စေရန် ကပ်ထားကြေညာပေးလျက်ရှိသည်။

သာပေါင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နေရာအတွက် ခြောက်ဦး၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP) တွင် ခုနစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ်(၂)တွင် ၂၈ ဦး ပေါင်း ၄၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြမည့် သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်ပုံစံ (၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ(၁၀-ခ) များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ အောက်တို ဘာ ၁၉ ရက်က တစ်ပြိုင်တည်း ကပ်ထားကြေညာထားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**








# ရေဝတီတိုင်းဒေသကြီးသို့ ဇန်နဝါရီလမှ အောက်တိုဘာလဝက်အထိ ခရီးသွား ၁၀ သိန်းကျော် ဝင်ရောက်လည်ပတ်ခဲ့

**ရန်ကုန်  အောက်တိုဘာ ၂၀**

နိုင်ငံတော်က ခရီးသွားကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ခရီးသွားရာသီ သီတင်းကျွတ်ပိတ်ရက်ကာလအပါအဝင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဖြစ်သည့် ငွေဆောင်၊ ချောင်းသာနှင့် ရွှေသောင်ယံတို့တွင် ပြည်တွင်းပြည်ပ ခရီးသွား ၁၀၃၅၄၄၈ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



သီတင်းကျွတ်ပိတ်ရက် ဖြစ်သော အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ လေးရက်တာကာလအတွင်း ပုသိမ်မြို့သို့ ပြည်တွင်းပြည်ပ ခရီးသွား ၄၈၈၁ ဦး၊ ငွေဆောင်ကမ်းခြေသို့ ၁၆၆၉၉ ဦး၊ ချောင်းသာကမ်းခြေသို့ ၁၅၃၉၁ ဦးနှင့် ရွှေသောင်ယံကမ်းခြေသို့ ၆၈၀ ဖြင့် စုစုပေါင်းခရီးသွား ၃၇၆၅၁ ဦး ဝင်ရောက်အပန်းဖြေလည်ပတ်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလ ၁၅ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေသို့ ၂၄၇၇၇၈ ဦး၊ ချောင်းသာနှင့်ရွှေသောင်ယံသို့ ၂၀၀၄၃၉ ဦးနှင့် ပုသိမ်မြို့သို့ ခရီးသွားများဝင်ရောက်ခဲ့ရာ ပြည်တွင်းပြည်ပခရီးသွား ၁၀၃၅၄၄၈ ဦး ဝင်ရောက်တည်းခိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ်၊ သီတင်းကျွတ်ပိတ်ရက်ဟာ ၂၀၂၅ ခုနှစ် သီတင်းကျွတ်ပိတ်ရက်ကာလထက် အပန်းဖြေရက် တစ်ရက်ပိုပေမယ့် ဒီနှစ် သီတင်းကျွတ်ပိတ်ရက်မှာ ပင်လယ်ကမ်းခြေကို ခရီးသွားပိုပြီး ဝင်ရောက်ခဲ့တာ တွေ့ရပါတယ်။ လာမယ့် တန်ဆောင်တိုင်ပိတ်ရက် မှာလည်း ငွေဆောင်၊ ချောင်းသာနဲ့ရွှေသောင်ယံမှာ အပန်းဖြေဖို့ဟိုတယ်တွေမှာ ၆၀ ရာခိုင်နှုန်း ကြိုတင်မှာယူထားပြီးပါပြီ။ အဲဒီလထဲမှာ အမျိုးသားနေ့နဲ့ ပိတ်ရက် သုံးရက်မှာ အပန်းဖြေဖို့အတွက်လည်း ၇၀ ရာခိုင်နှုန်း အခန်းတွေ ကြိုတင်မှာထားတာတွေ့ရပါတယ်။ အပန်းဖြေရက်နီးလာရင် အခန်းကြိုတင်မှာမှုရာခိုင်နှုန်း ပိုပြီးများလာမယ်လို့ ထင်ပါတယ်။ ပြီးခဲ့တဲ့သီတင်းကျွတ်ကာလမှာ ခရီးသွားဝင်ရောက်ခဲ့တဲ့အတွက် ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။ ခရီးသွားဝင်ငွေဆိုတာ အားလုံးမျှပြီးရရှိတာဖြစ်တဲ့အတွက် နိုင်ငံနဲ့ပြည်သူအတွက် အကျိုးရှိတဲ့လုပ်ငန်း ဖြစ်တာကြောင့် ပွင့်လင်းရာသီမှာ ခရီးသွားပိုပြီးဝင်ရောက်လာဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်းအားဖြင့် ဧရာဝတီတိုင်းဒေသကြီးရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အပံ့ကောင်းတွေ ရရှိစေပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။

ခရီးသွားမှုကို နှစ်သက်ကြသည့် ပြည်တွင်းခရီးသွားများအနေဖြင့် သီတင်းကျွတ်ပိတ်ရက်ကာလ၌ ပုဂံယဉ်ကျေးမှုဒေသနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်ကမ်းခြေများသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြပြီး ပွင့်လင်းခရီးသွားရာသီသို့ဝင်ရောက်လာပြီဖြစ်ရာ နိုင်ငံခြားခရီးသွားများလည်း တရိပ်ရိပ် ဝင်ရောက်လာဖွယ်ရှိကြောင်း ဟိုတယ်လုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။ **ခတ်ပုံ - ဖွဲမာန် - သစ္စာ(MNA)**

---

# ဆီဆိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဆီဆိုင်  အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)ခန်းမ၌ ကျင်းပသည်။



ဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)မှ ကျောင်းအုပ်ဆရာကြီး ဦးခွန်အောင်မန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြီးဒဲရယ်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပပေးသည့်ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)မှ Grade-11 ကျောင်းသား ခွန်အောင်သန်းဦးက "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 ကျောင်းသူ နန်းဟွမ်ပေးက "အနှစ်သက်ဆုံး အားကစားတစ်ခုအကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသား စိုင်းနော်ခမ်းက "အနှစ်သက်ဆုံး စာအုပ်တစ်အုပ်အကြောင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-7 ကျောင်းသူ နန်းဗွာကြည်က "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက မိမိတို့ဆွေးနွေးပေးခဲ့သည့် ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပေးခဲ့ကာ တာဝန်ရှိသူတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---



# နတ်မောက်မြို့၌ ဆုံဆို့မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများထိုးနှံပေး

**နတ်မောက်  အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ အသက် ငါးနှစ်မှ ခုနစ်နှစ် KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် အသက် ကိုးနှစ်မှ ၁၀ နှစ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများကို အောက်တိုဘာ ၁၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ထိုးနှံပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရှိ ဆရာမများက KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းနှင့် အသက် ကိုးနှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများကို စနစ်တကျထိုးနှံပေးခဲ့ပြီး အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများကကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လှဝင်း**

---

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

---

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ပခုက္ကူ)၌ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေး သင်တန်းများဖွင့်လှစ်ပေး

ပခုက္ကူ အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေး သင်တန်းများဖွင့်လှစ်ပြီး ရက်ကန်းပညာရှင်များ မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။



သင်တန်းကျောင်းများမှတစ်ဆင့် ရက်ကန်းပညာရှင်များ မွေးထုတ်ပေးခြင်းဖြင့် ပြည်တွင်းထုတ်ကုန်အားကောင်းပြီး ပြည်ပဝင်ငွေပိုမိုရရှိရေး၊ MSME လုပ်ငန်းများအားကောင်းလာပြီး အရည်အသွေးမြင့် ဒေသထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ မြန်မာ့လက်မှုအနုပညာများ ထိန်းသိမ်းတတ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကာလတို၊ ကာလရှည်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းများအနေဖြင့် တစ်နှစ်လျှင် ဘာသာရပ်ကိုးခုဖြင့်သင်ကြားပေးသော ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူသင်တန်းနှင့် ဘာသာရပ် ခုနစ်ခုဖြင့်သင်ကြားပေးသော လက်ရက်ကန်း ခြောက်လသင်တန်း နှစ်ကြိမ်တို့ဖြစ်ပြီး တစ်ကြိမ်လျှင် သင်တန်းသားသင်တန်းသူ ၂၀ သာ လက်ခံသင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်စဉ်ကာလအတွင်း အဆောင်နေထိုင်ခွင့်နှင့်အတူ နိုင်ငံတော်ထောက်ပံ့မှုအဖြစ် တစ်လလျှင် ငွေကျပ် ၇၅၀၀၀ ရရှိသည့်အပြင် သင်တန်းသုံးကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများကိုလည်း အခမဲ့သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ပြီးပါက လက်ရက်ကန်းစင်တစ်စုံစီ ထောက်ပံ့ပေးအပ်ခြင်း၊ ချည်မျှင်နှင့် အထည်စက်ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံတို့တွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ပခုက္ကူဒေသမှထွက်ရှိသည့် ရက်ကန်းချည်ထည်များကို ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများကလည်း မှာယူအသုံးပြုကြသည်ကိုတွေ့ရှိရပြီး ဝါမှထွက်ရှိသည့်လျှော်များ၊ ကြာမှထွက်ရှိသည့်အမျှင်များ၊ နာနတ်ပင်မှထွက်ရှိသည့်လျှော်များဖြင့် ရက်ကန်းအထည်များကို အဓိကထား ထုတ်လုပ်လျက်ရှိကြောင်း ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုထံမှ သိရသည်။

ပခုက္ကူမြို့ အညာဒေသသည် ယဉ်ကျေးမှုထွန်းကားရာ ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ မြန်မာ့လက်မှုအနုပညာရပ်များ တန်ဖိုးထားထိန်းသိမ်းတတ်စေရန်နှင့် ရက်ကန်းပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ထူထောင်လုပ်ကိုင်တတ်စေရန်ရည်ရွယ်ချက်ဖြင့် ၁၉၅၁ ခုနှစ်မှစတင်ကာ ကာလတို၊ ကာလရှည်သင်တန်းများဖွင့်လှစ်၍ လက်ရက်ကန်းပညာ၊ စက်ရက်ကန်းပညာ၊ တိုင်းရင်းသားရိုးရာအထည်များ ဂျပ်ခုတ်နည်းပညာ၊ လက်ဖြင့်ချည်မျှင်ဆွဲနည်းပညာ၊ စက်နှင့်ချည်မျှင်ဆွဲနည်းပညာ၊ ရွှေချည်ထိုး ငွေချည်ထိုးပညာ၊ ချည်ထည်ပိုးထည်ဆိုင်ရာ သဘာဝဆေးဆိုးခြင်းနှင့် ဓာတုဆေးဆိုးခြင်းနည်းပညာရပ်များ၊ အထည်ပန်းပုံရိုက်နည်းပညာ၊ အထည်ဒီဇိုင်းဖန်တီးနည်းပညာ စသည့်ပညာရပ်များကို အကိုင်အတွယ်မှစတင်ကာ ကိုယ်တိုင်ဒီဇိုင်းရေးဆွဲချုပ်တတ်သည်အထိ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် စနစ်တကျသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## တနိုင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

တနိုင်း အောက်တိုဘာ ၂၀

ကချင်ပြည်နယ် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ကွင်းအမှတ်(O. S.S-၂၇)၊ ကွင်းအမည် (ဆွတ်ငိုင်ပါ)ကွင်းတွင် မိုးစပါးစံကွက်ရိတ်သိမ်း



ပွဲနှင့် တောင်သူကွင်း လက်တွေ့သရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက မိုင်းခွန်ပေါက်ဝ ကောင်းကြီးဆန်စက်အနီး ဦးအောင်တိုး၏ လယ်မြေတွင် ကျင်းပသည်။

တနိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်လင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းလင်း၊ တနိုင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများစုပေါင်း၍ တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ကွင်းအမှတ်(O.O.S-၂၇)၊ ကွင်းအမှတ်(ဆွတ်ငိုင်ပါ)ကွင်းတွင်ရှိသော တောင်သူ ဦးအောင်တိုး၏ မိုးစပါးစိုက်ပျိုးထားသည့် မိုးကောင်းသောက် မိုးစပါး အထွက်နှုန်းမှန်ကန်ရေးအတွက် "ပေါ်ဆန်းမွှေး"မျိုးစပါး(သင့်) ကိုယ်စားပြုစံကွက်အား စုပေါင်းရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ ၅၂ ဒသမ ၇၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မနောမြေ(တနိုင်း)**

## ရွှေတောင်မြို့နယ်၌ စာဖတ်ဝိုင်း ကျင်းပ

ရွှေတောင် အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန်နှင့် စာပေဝါသနာပါသူ အချင်းချင်း ရင်းနှီးစေရန်အတွက် Youth Club အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စာရေးဆရာကြီး ရွှေဥဒေါင်း ရေးသားသော ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပြုလုပ်သည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က စာဖတ်ဝိုင်းပြုလုပ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်အယူအဆများကို နီးနှောဖလှယ်နိုင်ခြင်း၊ စာဖတ်ရန်ဝါသနာပါခြင်း၊ စာအုပ်စာပေနှင့် မိတ်ဆွေဖွဲ့၍ လေ့လာဆည်းပူးခြင်း၊ စာများများဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ ပိုမိုရရှိလာမည်ဖြစ်ကြောင်းနှင့် စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စာဖတ်ဝိုင်းပြုလုပ်ရာ Youth Club အဖွဲ့ဝင် ကျောင်းသား ကျောင်းသူများက စာရေးဆရာကြီး ရွှေဥဒေါင်း ရေးသားသော ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ရာ Youth Club အဖွဲ့ဝင်များက မိမိတို့၏ အတွေးအမြင်၊ အယူအဆ၊ ခံယူချက်စိတ်ထားများကို အချင်းချင်း အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရဗီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် မော်လမြိုင်မြို့နယ် ဘားအံ-မော်လမြိုင်ကားလမ်းအနီး ကွဲခြံကုန်းရပ်ကွက် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။










မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ကော့သောင်းမြို့နယ် တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၄၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၃၀၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသား တစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အောက်တိုဘာ ၁၈ ရက်က မော်တော်ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ Nissan Diesel ၁၂ ဘီးယာဉ်အား ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် ည ၁၀ နာရီခွဲတွင် တိုက်ကြီးမြို့နယ် ဇောဓိကုန်းရပ်ကွက်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၆၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်းအတိုင်း တောင်မှမြောက်သို့ တိုက်ကြီးမြို့နယ် အင်္ဂလားရပ်ကွက်နေ ရဲထွဋ်ဇော် (၃၄) နှစ် မောင်းနှင်လာသော ဆိုင်ကယ်သည် ဇောဓိကုန်းရပ်ကွက် ဇောဓိကုန်း (၆) လမ်းအလွန် မိုင်တိုင်အမှတ် ၄၉ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ သာယာဝတီမြို့နယ် တောင်လမ်းသစ်ရပ်ကွက်နေ ကိုလင်းလင်းထွန်း(၃၆)နှစ် မောင်းနှင်လာသော BGO–28 9p/xxxx Nissan Diesel ၁၂ ဘီး စိမ်း/နီရောင် မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ရဲထွဋ်ဇော်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ရဲထွဋ်ဇော်အား တိုက်ကြီးမြို့မရဲစခန်း ယာဉ်(ပ)၁၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။



**ရဲပြန်ကြား**

# ဝိုင်းမော်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးရှိ တံခါးနှင့် သံပန်းများဖြုတ်ခိုးသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ အောက်တိုဘာ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးရှိ တံခါးနှင့်သံပန်းများ ဖြုတ်ခိုးသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီတွင် ဝိုင်းမော်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးရှိ တံခါးနှင့်သံပန်းများ ဖြုတ်ခိုးယူနေကြောင်း သတင်းအရ ဝိုင်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဝိုင်းမော်မြို့နယ် ဝေဘာကျေးရွာနေ ဆွန်လွတ်နော်(ခ)မာနော် (၂၃)နှစ်သည် ရုံးခန်းအတွင်းရှိ ဆလိုက်အလူမီနီယံပေါင်နှင့် မှန်တံခါးချပ် ၄၆ ချပ်၊ ဆလိုက်အလူမီနီယံတံခါးပြေးလမ်း ၂၃ စုံ၊ လှေကားစတိုခန်းတွင် ကာရံထားသော သံချောင်း ၂၅ ချောင်း၊ အိမ်ထောင်သည် လိုင်းခန်းရှိ တံခါးဂျက် ၃၂ ချောင်းနှင့် တံခါးလက်ကိုင်ဂွင်း ၃၄ ခု စုစုပေါင်း တန်ဖိုးငွေ ၉၄၈၂၀၀၀ တို့အား ဖြုတ်ယူခိုးသွားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဆွန်လွတ်နော်(ခ)မာနော်အား ဝိုင်းမော်မြို့မရဲစခန်း (ပ)၅၃/၂၀၂၅၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



ဆွန်လွတ်နော်(ခ)မာနော်ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။




၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်တင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ဘိုကလေးမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ



**ဘိုကလေး အောက်တိုဘာ ၂၀**
ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အောက်တိုဘာ ၁၅ ရက်က လူငယ်စကားဝိုင်း ကျင်းပသည်။

စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က ဘိုကလေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ နှင့်အတူ "လူငယ်နှင့်စာပေ၊ လူငယ်နှင့် ဝါသနာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် နည်းပညာ" စသော ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး စကားဝိုင်း တက်ရောက်ကြသော ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များက မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြသည်။

**မိုးစက်(ဘိုကလေး)**

## တောင်ဥက္ကလာပမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၀**
တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကေသရာဇာခန်းမ၌ အောက်တိုဘာ ၁၆ ရက်က အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ သရုပ်ပြပွဲနှင့် အားကစားပစ္စည်းလှူဒါန်းခြင်းအခမ်းအနား ကျင်းပသည်။

ဦးစွာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအောင်က အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထူးအောင်က အားကစားဆိုင်ရာ အမှာစကားပြောကြား၍ ပြေးခုန်ပစ်နည်းပြ ဆရာမ ဒေါ်မျိုးစန္ဒာကျော်က ပြေးခုန်ပစ်အားကစားနည်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး အေးရိုးဗစ် သရုပ်ပြနည်းဖြင့် သရုပ်ပြသခဲ့ပြီး တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**သက်မင်းဟန်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**ချောင်းဆုံ အောက်တိုဘာ ၂၀**
ချောင်းဆုံမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၆ ရက်က တောင်စိန် (မူလွန်) ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲများတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေတင်က အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ကလေးအလုပ်သမား လျော့နည်း ပပျောက်ရေးဆိုင်ရာများနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း သိကောင်းစရာများ ဟောပြောပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်ငုံဖူးက အားကစားနှင့် ကျန်းမာရေးအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးဦးက စာဖတ်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း စသည်ဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## စဉ့်ကိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၂၀**
စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း (ဟင်းငူ)တို့ ပူးပေါင်းကာ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို အောက်တိုဘာ ၁၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



လူငယ်စကားဝိုင်းတွင် အထက (ဟင်းငူ)မှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## မိုးကောင်းမြို့ အထက(ခွဲ) ကျွန်းတောကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မိုးကောင်း အောက်တိုဘာ ၂၀**
မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အထက(ခွဲ) ကျွန်းတောကျောင်း ကျွန်းရွှေဝါခန်းမ၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးကြိုင်က လူငယ်စကားဝိုင်းတွင်တက်ရောက်ဆွေးနွေးခြင်းဖြင့် အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိကာ ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး ပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ကာ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ဝေယံလင်းထွန်းက လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



## အလုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားနှင့် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပ

**အလုံ အောက်တိုဘာ ၂၀**
အလုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က လူငယ်နှင့် အောင်မြင်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားများ ပြောကြားသည်။

ထို့နောက် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပခဲ့ရာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

**ယောရော(ပြန်/ဆက်)**



## အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**သဲကုန်း အောက်တိုဘာ ၂၀**
သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၁၆ ရက်က အမက (ပေါက်တော) နှင့် အမက (ရဲ့ရဲ့ကန်) တို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာငြေးက စာပေဖတ်ရှုလေ့လာသော အလေ့အကျင့်ကောင်းများရှိစေရန်၊ လူငယ်များသိသင့်သိထိုက်သည့် ဗဟုသုတအကြောင်းအရာများ၊ နေ့ထူးနေ့မြတ်နေ့ရက်များကို အစဉ်သတိရစေရန် စသည့်အကြောင်းအရာများကို ဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နော ငြေးငြေးမြင့်တို့က ရှန်တီစေတနာရှင်အဖွဲ့က လှူဒါန်းသော စာအုပ်ဖြင့် ပုံပြင်ပြောခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**ကိုကျော်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ပန်းတနော် အောက်တိုဘာ ၂၀**
ပန်းတနော်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် "လူငယ်စကားဝိုင်း" ကို အောက်တိုဘာ ၁၅ ရက်က မင်းတစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူများအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရပ်စောက်မြို့နယ်၌ ကလေးများစမတ်ဖုန်းစောစီးစွာသုံးခြင်းနှင့် စိတ်ကျန်းမာရေးအကြောင်း အသိပညာပေး

**ရပ်စောက် အောက်တိုဘာ ၂၀**

ရပ်စောက်မြို့နယ်၌ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကလေးများ စမတ်ဖုန်းစောစီးစွာသုံးစွဲခြင်းနှင့် စိတ်ကျန်းမာရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပသည်။



ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဒုတိယဦးစီးမှူး ဒေါ်ယွန်းလဲ့သန္တာအောင်က ကလေးများစမတ်ဖုန်းစောစီးစွာအသုံးပြုခြင်းနှင့်ပတ်သက်၍ရှောင်ရန်၊ ဆောင်ရန်အချက်များ အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဝန်ထမ်းများအား အိမ်သုံးဆားနှင့် အချိုရည်များဝေငှခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခရမ်းမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ခရမ်း အောက်တိုဘာ ၂၀**



ခရမ်းမြို့ အလက (စက်သစ်) ကျောင်း၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက်က ကျင်းပသည်။

ဦးစွာ အလက (စက်သစ်) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမို့မို့ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ငလျင်ဘေးအန္တရာယ်နှင့် ငလျင်ကြောင့် အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် နေထိုင်ပြုမူရမည့် အချက်များ၊ ငလျင်လှုပ်နေစဉ် ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းမဖြစ်ပေါ်မီ သတိပေးချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးနောက် နောက်ဆက်တွဲဆိုးကျိုးများ၊ ရေကြီးခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်နှင့် ကူးစက်ရောဂါများဖြစ်ပွားနိုင်သည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

**ခရမ်း(ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**ငဖဲ အောက်တိုဘာ ၂၀**

ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်းပြီး ကလေးအလုပ်သမားပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ကလေးစာဖတ်ဝိုင်းကို အောက်တိုဘာ ၁၅ ရက်က ကံသာကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ငဖဲမြို့နယ် ကံသာကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်မော်မော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက လူငယ်နှင့်ဗလင်းတန်အခြေခံဆိုင်ရာ သိကောင်းစရာများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသိကောင်းစရာများ၊ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က အသိပညာဗဟုသုတတိုးပွားစေရေး စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း-၃ ဒေါ်သန္တာအောင်က ကလေးအလုပ်သမားများ၏ အသက်အရွယ်၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို အသိပညာပေးပြောကြားသည်။

**မယု(ငဖဲ)**

## သရက်ချောင်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**သရက်ချောင်း အောက်တိုဘာ ၂၀**



သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက်က သရက်ချောင်းမြို့ အမက ပန်းတောမူလွန်ကျောင်း၌ ကျင်းပသည်။

ဦးစွာ သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက ကျောင်းသား ကျောင်းသူများအား လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးလင်းနိုင်ဦးက အားကစားနည်းများအကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်း သိရှိနားလည်စေရန် ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လူငယ်နှင့် စာဖတ်ခြင်းအကြောင်းအရာများ၊ စာဖတ်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်းကို ဆွေးနွေးပြောကြားသည်။ **ပြည့်ဖြိုးပိုင်(သရက်ချောင်း)**

## ဘီးလင်းမြို့နယ်၌ လူငယ်အသိပညာပေး ဟောပြော

**ဘီးလင်း အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနနှင့် ပူးပေါင်း၍ လူငယ်အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက်က မူလွန်(ဇုတ်သုတ်) ရွာမကျောင်း၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ရည်မှန်းချက်များ အောင်မြင်စေရေး၊ ကျောင်းစာအပြင် ဗဟုသုတတိုးပွားစေမည့် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးအတွက် လူငယ်နှင့် စာပေဖတ်ရှုခြင်းအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**



## မိုင်းယောင်းမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မိုင်းယောင်း အောက်တိုဘာ ၂၀**

မိုင်းယောင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ဟောပြောပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောသည်။ ထို့နောက် အမက(၇)မှ ဆရာမဒေါ်သင်းမြတ်သူက လူငယ်နှင့်မျိုးချစ်စိတ်အကြောင်း၊ ရပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက စာဖတ်ခြင်းဖြင့် အတွေးအမြင်များ ကျယ်ပြန့်လာမည့်အကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**



## နတ်တလင်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**နတ်တလင်း အောက်တိုဘာ ၂၀**

နတ်တလင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက်က အလက(ကျောင်းကြီး) ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ နေ့ထူးနေ့မြတ်များအကြောင်း အသိပညာပေးဟောပြောပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်အေးအေးဆွေက စားသုံးသူကာကွယ်ပေးရေးဥပဒေအကြောင်း၊ ကုန်အညွှန်း အမှတ်အသားအကြောင်းများကို အသိပညာပေး ဟောပြောခဲ့ကြသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



## မိုင်းခတ်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**မိုင်းခတ် အောက်တိုဘာ ၂၀**

မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က လူငယ်များအသိပညာဆည်းပူးရာတွင် ဦးစွာမေးမြန်းရန် ဝန်မလေးသင့်ကြောင်း၊ ကြိုးပမ်းအားထုတ်မှုဖြင့်သာ အောင်မြင်မှုသို့ တက်လှမ်းနိုင်ကြောင်း၊ လူငယ်များအနေဖြင့် တွေးခေါ်မှု အလေ့အထကို လေ့လာသင်ယူမှုဆီသို့ ဦးတည်ရန်လိုကြောင်း ပြောကြားပြီး စာကြည့်တိုက်တာဝန်ခံ ဒေါ်နန်းခင်ညွန့်က ခေတ်မီတိုးတက်နေသော အသိပညာခေတ်တွင် စာအုပ်များ၊ သတင်းစာများ၊ ပညာရပ်ဆိုင်ရာမဂ္ဂဇင်းများကို ဖတ်ရှုလေ့လာဆည်းပူးမှသာ ဘဝတစ်လျှောက် အောင်မြင်မှုပန်းတိုင်ရရှိမည်ဖြစ်ကြောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ပြည်သူများအား ကွင်းဆင်းဆေးကုသ

**ပင်လောင်း အောက်တိုဘာ ၂၀**

ပင်လောင်းမြို့နယ် နန်းပန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၉ ရက်က ရဟန်းရှင် ပြည်သူများအား အထူးကုဆရာဝန်များက ကျန်းမာရေးစစ်ဆေးမှုများနှင့် ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ကွင်းဆင်း ဆေးကုသရာတွင် ရဟန်းရှင်ပြည်သူများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ECG စက်ဖြင့် ရောဂါစစ်ဆေးပေးခြင်း၊ အထွေထွေရောဂါများ စမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးရာ ဆေးကုသမှုခံယူရန် လိုအပ်သူများအား ရောဂါကုသပေးခြင်းနှင့် သက်ဆိုင်ရာရောဂါ စားဆေးသောက်ဆေးများကို ပေးဝေသည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုများကို ကလောခရိုင် ပြည်သူ့ဆေးရုံကြီးမှ အရိုးအထူးကု၊ ကလေးအထူးကု၊မေ့ဆေးအထူးကု၊ သားဖွားနှင့် မီးယပ်အထူးကု၊ ခွဲစိတ်အထူးကု၊ သွားနှင့်ခံတွင်းဆရာဝန်များက ရဟန်းရှင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးကြောင်း၊ ထိုသို့ဆေးကုသပေးရာတွင် နန်းပန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူ ၄၈၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော



**ထန်းတပင် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၇ရက်က သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမိုးမင်းအောင်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်းအရာများကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## မြဝတီမြို့၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်ရေးရာ အသိပညာပေးဟောပြော

**မြဝတီ အောက်တိုဘာ ၂၀**

မြဝတီမြို့၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရဲရင့်ယဉ်ကျေးဓမ္မစကူးကျောင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်တွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပသည်။



အဆိုပါ လူငယ်ရေးရာ ဟောပြောပွဲများကို ဆောင်ရွက်ရာတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က အမှာစကားပြောကြားပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူး သက်ဇော်ထွန်းက လူငယ်များအား လူကုန်ကူးမှုမခံရစေရေး လူကုန်ကူးခြင်းခံရသည့်ဖြစ်စဉ်များ၊ အွန်လိုင်းမှ တစ်ဆင့် ငွေကြေးလိမ်လည်မှုများ၊ ဖြားယောင်း သွေးဆောင်မှုများကို အယုံမလွယ်ကြစေရေး သတိပြုဆင်ခြင်ရမည့်အချက်များ အသိပညာပေး ဟောပြောခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် အမှား၊ အမှန်ကို ဝေဖန်တတ်စေရန် ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ဖတ်ရှုလေ့လာရမည့် နည်းလမ်းများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



## ချောင်းဆုံမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်

**ချောင်းဆုံ အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ အသက် ၇၀ နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီး၂၅၉ ဦးတို့အား ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အနေဖြင့် (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ချောင်းဆုံ(အထက)ကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှငွေးက မြတ်ဆရာပူဇော်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ပရဟိတလုပ်ငန်း ဆောင်ရွက်သူ တစ်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုများချီးမြှင့်ပေးအပ်ကြသည်။

ကိုကျော်(ချောင်းဆုံ)

## ခရမ်းမြို့၌ လူငယ်ရေးရာဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ခရမ်း အောက်တိုဘာ ၂၀**

ခရမ်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား လူငယ်ရေးရာဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို အောက်တိုဘာ ၁၇ရက်က ခရမ်းမြို့ အထက ကွမ်းမိုးဒိန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက ကွမ်းမိုးဒိန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ် ခင်နှင်းဝေက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဒေါ်ကျော့ကေခိုင်က လူငယ်နှင့် စားသုံးသူဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များအကြောင်းကို ဟောပြောသည်။



ထို့နောက် ကဗျာရွတ်ဆိုပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ခရမ်း(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

**ကွမ်းခြံကုန်း အောက်တိုဘာ ၂၀**

ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး



လှုပ်ရှားမှုအခမ်းအနား လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို အောက်တိုဘာ ၁၉ ရက်က ဝါးကောက်တောကျေးရွာ အမက(မူလွန်ကျောင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နန့်ဆွေနွယ်ဦးက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လူငယ်နှင့် စာပေအကြောင်းအရာ၊ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်အေးမြတ်စိုးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)



ကဝမြို့နယ်အတွင်းရှိ ပြည်သူများအား အနာကြီးရောဂါနှင့် ပတ်သက်သော အကြောင်းအရာများအား အသိပညာပေးဟောပြောဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၉ ရက်က သပြုကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အနာကြီးရောဂါမဖြစ်ပေါ်စေရန် ရှောင်ရမည့်အချက်များကိုအသိပညာပေး ဟောပြောစဉ်။ ရဲဇော်ဟိန်း(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးနှင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး ဆွေးနွေး

**ပြည် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေးအလုပ်ရုံ ဆွေးနွေးပွဲနှင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများ အရည်အသွေးမြှင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။



တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမျိုးသားပညာရည်မြင့်မားရေးနှင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်တက္ကသိုလ် ဝိဇ္ဇာ/သိပ္ပံဆောင်များ၌ တက္ကသိုလ် ဝင်အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲနှင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး သင်ကြား/သင်ယူ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အခြေခံပညာအထက်တန်းဆင့် သင်ကြားရေး ဆရာ ဆရာမ စုစုပေါင်း ၁၃၇၀ တက်ရောက်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများ ထားဝယ်တက္ကသိုလ်သို့ သွားရောက်လေ့လာ

**ထားဝယ် အောက်တိုဘာ ၂၀**

ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများအနေဖြင့်အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရေးနှင့် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြစေရန် ရည်ရွယ်၍ အောက်တိုဘာ ၁၇ ရက်က တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ ဦးဆောင်၍ ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများက ထားဝယ်တက္ကသိုလ်သို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ကြည့်ရှုလေ့လာသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများအား ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသန်းသန်းဦး၊ ဒုတိယပါမောက္ခချုပ်နှင့် ဘာသာရပ်အသီးသီးမှ ပါမောက္ခဌာနမှူးများက နွေးထွေးပျူငှာစွာကြိုဆိုပြီး ကျောင်းသား ကျောင်းသူများက သာသာရပ်ဌာနအသီးသီးရှိ ပြခန်း ၁၀ ခန်းကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး လေ့လာမှတ်သားကာ သာသာရပ်ဌာနအသီးသီးမှ ဌာနမှူးများက ဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ဘာသာရပ်တစ်ခုချင်းအလိုက် လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သင်ကြားသင်ယူမှုတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်ကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများက ကျောင်းများတွင် ကျင်းပပေးနေသည့် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာဌာနမှူးက ပြန်လည်ဖြေကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လောင်းလုံးမြို့နယ် ဦးစီးမှူးက ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသူများ ရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **ငွေဇင်ယော်(ထားဝယ်)**

## မွန်ပြည်နယ်၌ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**မော်လမြိုင် အောက်တိုဘာ ၂၀**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ပိန္နဲကုန်း အထကကျောင်း၌ ကျင်းပရာ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ မွန်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြများ၊ ကျိုက်မရောမြို့နယ်အုပ်ချုပ်ရေးမှူး၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကို အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ကျိုက်မရော(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ကြံခင်းမြို့နယ်၌ ကော်ဖီစုပေါင်းစိုက်ပျိုးပွဲကျင်းပ

**ကြံခင်း အောက်တိုဘာ ၂၀**

ကြံခင်းမြို့နယ် မဲကုန်းအုပ်စု တောင်သူ ဦးဇော်မင်းဦး ဥယျာဉ်ခြံ၊ တစ်ကေ၌ အောက်တိုဘာ ၁၈ ရက်က ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲ ကျင်းပရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က အုပ်ပွံ့ကွင်းကျေးရွာရှိ တောင်သူများအား ကော်ဖီပျိုးပင်များ ပေးအပ်ကြပြီး တောင်သူ ဦးဇော်မင်းဦး၏ ဥယျာဉ်မြေ၊ ကွင်းအမှတ် ၃၁- ဦးပိုင်အမှတ် (၁၁၃) တစ်ကေတွင် ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက ကော်ဖီပင်များစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



## စာပေချစ်မြတ်နိုးသူများအသင်း Book Club (မုဒိတာ) အဖွဲ့ဝင်များ စာဖတ်ဝိုင်းကျင်းပ

**ရွှေတောင် အောက်တိုဘာ ၂၀**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းနှင့်ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၈ ရက်က စာရေးဆရာမ ခင်စောတင့်၏ “စိတ်ကွန်းခိုရာ” စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်သည်။



အဆိုပါစာဖတ်ဝိုင်းတွင် စာပေချစ်မြတ်နိုးသူများအသင်း Book Club ဥက္ကဋ္ဌ ဆရာမ ဒေါ်ခင်ယုနိုင် (အေပရယ်ယုနိုင် ရွှေတောင်)က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် စာဖတ်ရှိန်မြင့်မားလာစေရန်၊ စာပေမှ ဗဟုသုတများ ရရှိစေရန်၊ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်အယူအဆများကို နှီးနှောဖလှယ်နိုင်ခြင်း၊ စာပေဖတ်ရှုသည့်အလေ့အကျင့်များ ရရှိစေခြင်း ရည်ရွယ်ချက်ဖြင့် ရှင်းလင်းပြောကြားသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



သန်လျင်ခရိုင် သန်လျင်မြို့နယ်ဦးစီးမှူး ဦးဇွဲမင်းဦးနှင့် ဝန်ထမ်းများက ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မြေပြင်ကွင်းဆင်းစိစစ်ခြင်း၊ စစ်ဘေးရှောင်ပြည်သူများ၊ ကျူးကျော်နေထိုင်သူများ M သင်္ကေတဖြင့် အိမ်ထောင်စု စာရင်းဆောင်ရွက်ပေးခြင်းများကို အောက်တိုဘာ ၁၈ ရက်က အဖွဲ့များခွဲ၍ ဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)

## နောင်ချိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

**နောင်ချို အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲပေးစက်ကိုင်တွယ်အသုံးပြုမည့် မဲရုံအဖွဲ့ဝင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုင်းထူးလင်းကျော် ဦးဆောင်သော ကော်မရှင်အဖွဲ့ခွဲဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသရာ တက်ရောက်လာကြသော မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား မဲပေးစက်တပ်ဆင်အသုံးပြုခြင်း၊ ဖြုတ်သိမ်းခြင်းများကို လက်တွေ့ဆောင်ရွက်စေခဲ့ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လားရှိုးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုစမ်းသပ်မဲပေးခြင်း အသိပညာပေး

**လားရှိုး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းပါရှိစေရေး ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုစမ်းသပ်မဲပေးခြင်းကို အောက်တိုဘာ ၁၇ ရက်က အမှတ် (၁၁) နမ့်ပါချီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထိန်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအာကာမင်းက မဲစာရင်းပါရှိစေရေး လျှောက်ထားရမည့်ပုံစံများကို ရှင်းလင်းဆွေးနွေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသည့် နမ့်ပါချီးရပ်ကွက်နေ ပြည်သူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးသည်။



ထို့ပြင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ မဲပေးနိုင်ရေးအတွက် မဲပေးစက် တည်ဆောက်ပုံနှင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်တို့ကို တက်ရောက်လာသည့် ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်အမည်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး ကွင်းဆင်းကြီးကြပ်စစ်ဆေး

**တိုက်ကြီး အောက်တိုဘာ ၂၀**

တိုက်ကြီးမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်အမည်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများအလိုက် ထုတ်ပြန်ကြေညာထားပြီးဖြစ်ရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ အချက်အလက်များ ကွဲလွဲမှုနှင့် လိုအပ်ချက်များ ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုး ဦးဆောင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက အောက်တိုဘာ ၁၈ ရက်တွင် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်၊ တာခွကျေးရွာ၊ သရက်ချောင်းကျေးရွာ၊ ခုနစ်ကျိုက်(အနောက်)ကျေးရွာ၊ အလဘုတ်ကျေးရွာ၊ ဖိုးခေါင်ကျေးရွာများသို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးသည်။



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ပါဝင်သည့်ဌာနဆိုင်ရာများအား ကြီးကြပ်ဆောင်ရွက်ရန် ရပ်ကွက်/ကျေးရွာများအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး အဆိုပါအဖွဲ့က မိမိတို့တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ရသည့် ရပ်ကွက်/ကျေးရွာအုပ်စုများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရေး၊ မဲစာရင်းကျန်ရှိမှုမရှိစေရေး၊ မပါဝင်သင့် မပါဝင်ထိုက်သူများ ပါရှိပါက ပယ်ဖျက်နိုင်ရေး၊ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လုပ်ငန်းကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ကျသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ကွင်းဆင်းကြီးကြပ်စစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကပ်ထားကြေညာ

**တွံတေး အောက်တိုဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ လွှတ်တော်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာရွေးကောက် ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ မြို့နယ်အတွင်းရှိ ပြည်သူများသိရှိလေ့လာနိုင်စေရန် ကပ်ထား ကြေညာပေးလျက်ရှိသည်။

တွံတေးမြို့နယ်တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် နေရာအတွက် ရှစ်ဦး၊ အမျိုးသားလွှတ်တော်အချိုးကျ ကိုယ်စားလှယ်(PR) မဲဆန္ဒနယ် (၂) တွင် ရှစ်ဦး၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ (FPTP) တွင် ကိုယ်စားလောင်း ရှစ်ဦး၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)တွင် ခုနစ်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွင် ကိုးဦး၊ တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုး



လွှတ်တော်ကိုယ်စားလှယ် ကရင် တိုင်းရင်းသားလူမျိုးလေးဦး၊ တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ရခိုင်တိုင်းရင်းသားလူမျိုး ခုနစ်ဦး စုစုပေါင်း ၅၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြမည်ဖြစ်ကြောင်း သိရသည်။

မျိုးလှိုင်
(တွံတေး)



## တောင်ငူပညာရေးဒီဂရီကောလိပ်၌ အောင်ပွဲရအားကစားသမားနှင့် ပြိုင်ပွဲဝင်အားကစားသမားများအား ဂုဏ်ပြုကြိုဆို

**တောင်ငူ အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တောင်ငူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ (အောက်မြန်မာပြည်) ရန်ကုန်ဇုန် (၂) ပြိုင်ပွဲတွင် တောင်ငူပညာရေးဒီဂရီကောလိပ်မှ အောင်ပွဲရအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများအား ဂုဏ်ပြုကြိုဆိုပွဲကို အောက်တိုဘာ ၁၉ ရက်က ကျင်းပသည်။

ဂုဏ်ပြုကြိုဆိုပွဲကျင်းပရာတွင် တောင်ငူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာလွင်လွင်စန်း ဦးဆောင်၍ ရန်ကုန်မြို့မှ ပြန်လာသောတောင်ငူပညာရေးဒီဂရီကောလိပ် အောင်ပွဲရအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို တောင်ငူပညာရေးဒီဂရီကောလိပ်ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာယုယုအေး၊ ဌာနကြီးမှူး ဦးနိုင်အေး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ဂုဏ်ပြုပန်းကုံးနှင့် သပြေပန်းတို့ဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)



## ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ပညာရှင်အဖွဲ့ ကွင်းဆင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ SMU ခန်းမ၌ ယနေ့နံနက်ပိုင်းက တစ်နှစ်သုံးသီး သီးနှံစိုက်ပျိုးနိုင်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)ပညာရှင်အဖွဲ့က နည်းပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ချိုင်းကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာခင်အေးပွင့်ခိုင် ဦးဆောင်သည့် ပညာရှင်အဖွဲ့က တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ရိုးပြတ်များဆွေးမြည့်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြေဆီလွှာနှင့် ရေဓာတ်ခွဲစစ်ဆေးခြင်း၊ မြေဩဇာထည့်သွင်းခြင်းနည်းစနစ်များ၊ ပိုးမွှားရောဂါနှင့် ပေါင်းမြက်ဘက်စုံ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ပညာပေးဆွေးနွေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက တစ်နှစ်သုံးသီးစိုက်ပျိုးရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အခက်အခဲများ တင်ပြရာ ပညာရှင်အဖွဲ့(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိုင်းဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး) ပညာသင်ထောက်ပံ့ကြေးများပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀



နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး) ကွပ်ကဲမှု အောက်ရှိ မော်တော်ယာဉ် အသင်းများရှိ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများအတွက် (၁၂)ကြိမ်မြောက် ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ရုံးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ (အဝေးပြေး) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ယာဉ်လိုင်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က ယာဉ်လိုင်းများအနေဖြင့် သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ လိုက်နာပြီး ယာဉ်လိုင်းများပြေးဆွဲကြရန်လိုကြောင်း၊ နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) အနေဖြင့်လည်း ယာဉ်လိုင်းများ သတ်မှတ်စည်းကမ်းနှင့်အညီ ပြေးဆွဲဆောင်ရွက်စေရေးအတွက် စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုလို မော်တော်ယာဉ်အသင်းရှိ ဝန်ထမ်းများ၏သားသမီးများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း လုပ်ငန်းကိုလည်း နှစ်စဉ်ဆောင်ရွက်လာခဲ့ရာ ယခုအခါတွင် (၁၂) ကြိမ်မြောက်အဖြစ် ဆောင်ရွက်နိုင်သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့်စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်

သုံးခွ အောက်တိုဘာ ၂၀

သန်လျင်ခရိုင် သုံးခွမြို့နယ် အနောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများ ပိုမိုဖတ်ရှုလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ အောက်တိုဘာ ၁၇ ရက်က စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို ကျင်းပသည်။



ဦးစွာ ဒု-မူလတန်းပြဆရာမ ဒေါ်ထိုက်ထိုက်အောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထက်ထက်ရှိန်က နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းအကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် ကျောင်းစာကျက်မှတ်ရာတွင် အထောက်အကူပြုစေရန်နှင့် မှတ်ဉာဏ်စွမ်းရည်ကို တိုးတက်မြင့်မားလာစေရန် အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၁ ဦးတို့က ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြို့နယ်ဦးစီးမှူးဦးခင်ဆွေနှင့်ဝန်ထမ်းများက ကလိန်ကျေးရွာနှင့် ကြမန်းကျေးရွာအတွင်းရှိ ကျေးရွာနေ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသည့် ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ဇင်မင်းထိုက်(ထန်းတပင်)





၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို အောက်တိုဘာ ၁၉ ရက် ညနေပိုင်းမှစတင်ပြီး မိုင်းရယ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကြေညာထားစဉ်။

မိုင်းရယ်(ပြန်/ဆက်)

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကော့မှူး အောက်တိုဘာ ၂၀

တွံတေးခရိုင် ကော့မှူးမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း မူလွန် (အဖျောက်) ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆို ပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်မြက်သူက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်စေရန်၊ လူငယ်တစ်ဦးချင်းစီတွင် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ဖြစ်လာစေရန်၊ လူငယ်တို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုအရည်အသွေးများဖြင့် နိုင်ငံ့ကိုအလုပ်အကျွေးပြုကြရန်နှင့် လူငယ်များနှင့် ပတ်သက်သောအကြောင်းအရာများကို ဟောပြောသည်။ ဆက်လက်၍ ပုံပြင်ပြောပြိုင်ပွဲ



ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



## ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ချောင်းဆုံ အောက်တိုဘာ ၂၀

ချောင်းဆုံမြို့နယ်၌ ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံ၍ ဘက်စုံထူးချွန်သူများ ပေါ်ထွန်းလာစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က အမက ခရိုက်သစ်ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများတွင် ကျောင်းအုပ် ဆရာမကြီးက အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးဦးက စာဖတ်ခြင်းဖြင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း စသည်ဖြင့် ဟောပြောခဲ့ကြပြီး ကျောင်းသားကျောင်းသူများ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးခြင်း စာဖတ်စွမ်းရည်ပြုလုပ်ခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များပြသခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



## တောင်ငူမြို့၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

တောင်ငူ အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်က တောင်ငူမြို့ ထီးနီကုန်း အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်အေးက စာအုပ်စာပေအကြောင်း အသိပညာပေးဟောပြောဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးများအား စာဖတ်သည့် အလေ့အထများရရှိစေရန် နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းခြင်းတို့ ဆောင်ရွက်ပြီး အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

သာယာဝတီ အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် အသိပညာပေး ဟောပြောပွဲများကို အောက်တိုဘာ ၁၇ ရက်က အမကလွန် (နွယ်ခွေ) နှင့် အမက (ငွေးချောင်း)ကျောင်းတို့၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ကျောင်းသား ကျောင်းသူများအား ဗလငါးတန်ဖွံ့ဖြိုးဖို့ စာဖတ်ခြင်းဖြင့်မြှင့်တင်စို့ ခေါင်းစဉ်၊ အငယ်တန်းစာရေး ဒေါ်သဲနုအေးက ကလေးအလုပ်သမားပပျောက်ရေးအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုမှတ်သားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒီရေတောဂေဟစနစ်နှင့် သွေးခုံများ စဉ်ဆက်မပြတ်ရှင်သန်ရေး

**ပိန်းဇလုပ် - သိန်းညွန့်**

ကမာကောင်ကဲ့သို့သော ရေနေသတ္တဝါဖြစ်သည့် "သွေးခုံး" ကို ကြားဖူးသူများရှိကြပေမည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ ကမ်မော်ကျွန်းနှင့် ဒိုမယ်ကျွန်းအကြား ရွှံ့နွံသဲသောင်ပြင်များ၌ သွေးခုံးများကို အများအပြားတွေ့ရှိနိုင်သည်။

**နိုင်ငံခြားငွေရှာဖွေပေး**

အခွံနှစ်ခြမ်းရှိသည့် ယင်းရေနေသတ္တဝါသည် ဒီရေတောဂေဟစနစ်နှင့် အပြန်အလှန်ဆက်စပ်လျက်ရှိပြီး နိုင်ငံခြားငွေရှာဖွေပေးသော ပင်လယ်သယံဇာတတစ်မျိုးလည်း ဖြစ်သည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့သည် သွေးခုံးရောင်းချခြင်းမှ ဝင်ငွေအမြောက်အမြား ရရှိနေကြသည်။

**အထွက်တိုးလာနိုင်**

နိုင်ငံတကာတွင် ရေငန်ပုစွန်နှင့် တွဲဖက်မွေးမြူလျက်ရှိသော သွေးခုံးကို မွေးမြူရေးကန်၏ ရေအရည်အသွေးအား သဘာဝဖြင့်သန့်စင်မှု၊ ရေအရည်အသွေးကောင်းစေမှုတို့ဖြင့် အထွက်တိုးလာနိုင်ကြောင်း မှတ်သားရသည်။

မြန်မာနိုင်ငံ တနင်္သာရီကမ်းရိုးတန်း ကမ်မော်ဒေသတွင် သွေးခုံးအရှင် တစ်ကီလိုဂရမ်လျှင် အလုံး ၁၀၀ ရှိပါက မြန်မာကျပ်ငွေ ၈၀၀၀ ဈေးပေါက်လျက်ရှိကြောင်း သိရသည်။

**ရောင်းဝယ်နေကြ**

ယခုအခါ သွေးခုံးဈေးကွက်များတွင် အလုံးလိုက် အရှင်သော်လည်းကောင်း၊ အသားစိုအတိုင်းသော်လည်းကောင်း၊ အအေးခဲ၍သော်လည်းကောင်း ရောင်းဝယ်နေကြကြောင်း လေ့လာသိရှိရသည်။

ဥပမာအားဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံ၏ ပြည်တွင်းဈေးကွက်၌ အရွယ်အစားအလိုက် အအေးခဲအသား တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၂ ဒေါ်လာမှ ၆ ဒသမ ၈၂ ဒေါ်လာခန့်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။





မလေးရှားနိုင်ငံတွင်မူ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်စာရင်းဇယားများအရ သွေးခုံးကို ဧက ၂၂၀၀၀ ခန့် မွေးမြူရာ တန်ချိန် ၇၀၀၀၀ (ပိဿာ ၄၃၇၅၀၀၀၀) ထွက်ရှိကြောင်း မှတ်သားရသည်။

**ရေငန်ပုစွန်ကန်များအတွင်း တွဲဖက်မွေးမြူ**

ဗီယက်နမ်နိုင်ငံ၏ ထူးခြားချက်မှာ သွေးခုံးကို သဘာဝစနစ်အတိုင်း အခြေခံကာ ရေငန်ပုစွန်ကန်များအတွင်း တွဲဖက်မွေးမြူ၍ အထွက်တိုးအောင် ကြံဆကြိုးပမ်းနေကြောင်း၊ ၁၀ ဧကခန့်ရှိသော ပုစွန်တစ်ကန်လျှင် သွေးခုံး ၅ တန် (၃၁၂၅ ပိဿာ) ထွက်ရှိပြီး အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိကြောင်း ဖော်ပြထားသည်။

**သွေးခုံးထုတ်လုပ်မှု ကျဆင်းလာ**

မျက်မှောက်ကာလတွင် သွေးခုံး ထုတ်လုပ်မှုအနေအထားသည် ကျဆင်းလာနေကြောင်း၊ အဓိကအားဖြင့် ရေဆိုးများ၏အန္တရာယ်နှင့် သွေးခုံးသားပေါက်များကို အလွန်အကျွံဖမ်းယူခြင်းနှင့် ဒီရေတောများ အဆမတန်ခုတ်ယူကြခြင်းတို့ကြောင့်ဖြစ်ကြောင်း လေ့လာသိမှတ်ရသည်။

**စီးပွားဖြစ်ထွန်းနေ**

တနင်္သာရီကမ်းရိုးတန်း ကမ်မော်နှင့် ဒိုမယ်ကျွန်းအကြား ရွှံ့ပြင်တစ်လွှားသည် သွေးခုံးများ ကောင်းစွာရှင်သန်သည့်နေရာ ဖြစ်ပေရာ ဒေသခံကျေးရွာနေပြည်သူများအနေဖြင့် သွေးခုံးများကို အခြေပြု၍ စီးပွားဖြစ်ထွန်းနေကြကြောင်း ကြားသိရသည်။ သို့ရာတွင် အလွန်အကျွံထုတ်ယူနေကြခြင်းကြောင့် မျိုးပွားနိုင်မည့် သက်ကြီးကောင်များရရှိနိုင်ရန် ခက်ခဲလာခဲ့ပေပြီ။

**အပူတပြင်း လိုအပ်လာ**

သို့ဖြစ်သည်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီးကို လွှမ်းခြုံဖွံ့ဖြိုးစေရေး ထောက်ကူလျက်ရှိသော သွေးခုံးများ ရေရှည်ရှင်သန်ရေးအတွက် ဒေသခံများကိုအခြေပြုသော ထိန်းသိမ်းရေးဇရိယာများ စနစ်တကျ ထားရှိထိန်းသိမ်းကြရေး၊ ဒီရေတောဂေဟစနစ်များကို အလေးထားကြရေးတို့ကို ဦးစားပေးလုပ်ဆောင်ရန် အပူတပြင်းလိုအပ်နေပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုရပါမူ သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာန၏ ဦးစီးရွက်ဆောင်မှု၊ ဒေသခံပြည်သူများ၏ အသိစိတ်ဓာတ်ရှိရှိ လက်တွဲပူးပေါင်းမှုတို့ဖြင့် ကမ်မော်ကျွန်းနှင့် ဒိုမယ်ကျွန်းတစ်ခွင်၌ သွေးခုံးထုတ်လုပ်မှု ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဦးတည်ကြိုးပမ်းနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။ ။






## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ Grade-7 မှ မရတနာလင်း၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်လင်း ၅/ဝလန(နိုင်)၁၇၀၃၄၆ ဖြစ်ပါသည်။

**ဦးဗိုလ်လင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/ဧ၆၀၃၆ Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဆွေက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)ပိုင် LED မီးသီးအလုပ်ရုံရှိ မြေဧရိယာ ၁ ဒသမ ၃၁၆ ဧက နှင့် အဆောက်အအုံ(၁၀) လုံးအား ပုဂ္ဂလိကသို့ နှစ်တိုငှားရမ်းဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၄)တွင် တည်ရှိသော အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄)အကြီးစား စက်ရုံ(ဒဂုံ) ကြီးကြပ်မှုအောက်ရှိ LED မီးသီး အလုပ်ရုံရှိ မြေဧရိယာ ၁.၃၁၆ ဧက နှင့် အဆောက်အအုံ(၁၀)လုံးအား LED မီးသီး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန်နှင့် ယင်းလုပ်ငန်းနှင့် ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်တို (၅)နှစ် ငှားရမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီများသည် မိမိတို့၏ တင်ဒါတင်သွင်းလွှာကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်သို့ လိပ်မူ၍ (၃-၁၁-၂၀၂၅) ရက်၊ ညနေ (၃:၀၀)နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်း ဖော်ပြသည့် တင်ပြစာ၊ ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့် သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင် တင်ပြ၍ အထက်ပါလိပ်စာတွင် (၂၁-၁၀-၂၀၂၅)ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပါသည်။ စက်မှုဝန်ကြီးဌာန ဝက်ဆိုဒ် (www.industry.gov.mm)တွင်လည်း တင်ဒါကြော်ငြာ ထည့်သွင်းမည် ဖြစ်ပါသည်။ **(သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းရန် ဖုန်း-၀၆၇-၄၀၈၆၇၅၊ ၀၆၇-၄၀၈၆၇၆)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြသီရိလမ်း၊ ခြံအမှတ် (၇၂)၊ မြေကွက်အမှတ် (၆၈၁)၊ အကျယ်အဝန်း (၄၄ပေ × ၆၀ပေ)ရှိ ဦးစောဂျွန်မတ် (၁၂/မရက (နိုင်) ၀၂၂၈၂၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၆၈၀)နှင့်ကပ်လျက် (၂၄ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစောဂျွန်မတ် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(၁၈/ကျောက်တောင်ရပ်)၊ ဦးပိုင်အမှတ် (၃၅/၁၆-ဃ)၊ မြေဧရိယာ (၀ ဒသမ ၁၆၀)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နန္ဒာအောင် ၉/စကတ(နိုင်) ၀၅၈၇၃၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးခင်မောင်စိုး၏သား ဦးစိုးရာဇာ ၉/လဝန(နိုင်)၁၇၈၀၀၈ နှင့် (ဘ) ဦးသိန်းလွင်၏သမီး ဒေါ်ငုဝါလွင် ၉/လဝန(နိုင်)၂၁၁၀၀၈ တို့သည် ၁၈-၁၀-၂၀၂၅ ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-

| | |
|---|---|
| ဦးစိုးရာဇာ | ဒေါ်ကြည်ကြည်နိုင် |
| အမှတ် (၃)ရပ်ကွက်၊ | တရားလွှတ်တော်ရှေ့နေ |
| လယ်ဝေးမြို့ | စဉ်-၁၁၇၂၁/၃-၁-၂၀၁၇၊ |
| | အင်တိုင်းသာ(၅)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ |
| | လယ်ဝေးမြို့၊ ဖုန်း-၀၉-၄၂၀၇၅၅၈၇၄ |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ် (၆/ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၁၄)၊ မြေဧရိယာ (၀ ဒသမ ၀၄၂)ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးရာကွတ် ၉/မမန(နိုင်) ၀၁၆၄၁၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ဒေါ်ကေသီဝင်း ၉/ပမန(နိုင်)၂၅၉၉၀၉နှင့် အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ အမှတ်(၁)မြို့မြေရပ်ကွက်နေ (ဘ) ဦးအောင်ထွေး ၏သား ၇/ရတရ(နိုင်)၁၅၀၈၈၂ ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ ဦးဆိုနီ(ခ)ဦးဇေယျာဖြိုး၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာနေ (ဘ)ဦးသိန်းဆောင် ၏သမီး ဒေါ်ကေသီဝင်း ၉/ပမန(နိုင်)၂၅၉၉၀၉ တို့သည် လွန်ခဲ့သော (၉)နှစ်ခန့်က မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့သော အကြင်လင်မယားတော်စပ်သူများဖြစ်ပြီး ပေါင်းသင်းစဉ်တွင် ဒေါ်ကေသီဝင်းသည် မိသားစုဂုဏ်သိက္ခာကျဆင်းစေမည့်ကိစ္စများအား ပြုလုပ်ဆောင်ရွက်ခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိဘဲ နှစ်ဦးသဘောတူ ခွဲခွာနေထိုင်လျက်ရှိခဲ့သည်မှာ လွန်ခဲ့သော(၃)နှစ်ခန့်မှစ၍ ယနေ့အချိန်ထိဖြစ်ကြောင်း၊ ခွဲခွာနေထိုင်ကြသည့်အချိန်များတွင်လည်း ဒေါ်ကေသီဝင်းသည် ကျွန်ုပ်မိတ်ဆွေ အရှက်တကွဲ ဖြစ်စေမည့်၊ ဂုဏ်သိက္ခာကျဆင်းစေမည့် မဟုတ်မမှန်သော ကိစ္စရပ်များကို လူမှုကွန်ရက်ပေါ်မှတစ်ဆင့် ဖြန့်ချိရေးသားခြင်းများ ပြုလုပ်နေကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ပြောပြချက်အရ သိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေသည် ဒေါ်ကေသီဝင်းနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှုမပြုတော့သလို လူမှုရေး၊ စီးပွားရေးကိစ္စရပ်များတွင်လည်း လုံးဝပတ်သက်မှုမရှိတော့သောကြောင့် ဒေါ်ကေသီဝင်း ပြုလုပ်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ဒေါ်ကေသီဝင်းအနေဖြင့်လည်း ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် လူမှုကွန်ရက်ပေါ်မှတစ်ဆင့် ပြုလုပ်ဆောင်ရွက်နေခြင်းများကိုလည်း ယခုသတင်းစာထည့်သွင်း ကြေညာသည့်မှစ၍ ဆက်လက် ဆောင်ရွက်ခြင်းများမပြုလုပ်ရန်၊ ဆက်လက်ဆောင်ရွက်ခဲ့မည်ဆိုပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် သက်ဆိုင်ရာဥပဒေကြောင်းအရ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမြင့်မြင့်ကျော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၁၆/၂၄-၆-၂၀၁၄)
အမှတ်(၅)သကြားစက်ရုံရှေ့၊ မြို့လှမြို့
ဖုန်း-၀၉-၄၂၀၇၂၆၅၁၄

## စာအုပ် စာပေ လူ့မိတ်ဆွေ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့၊ ၃၃ ကေဗွီ အားကစားခွဲရုံရှိ ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိသော ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ အမှတ် (C) အား ပြုပြင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေ (Kyat) ဖြင့် လုပ်ငန်းအပ်နှံလိုပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၁၀-၂၀၂၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁၁-၂၀၂၅ရက်၊ မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကိုသတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**




နာမည်ကျော်ဆရာကြီး
**ရာဇာဇော်ဝင်း**
(LL.B) WIPO,DL-101 Switzerland)
ရှေးမှုမပျက် ခေတ်မီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးမင်းလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊ (၈၇)လမ်း၊ မဟာဗန္ဓုလပန်းခြံ(ညွှန့်)မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)01-394727,01-399426,09-73009994,09-5152521


## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် မူလွန်ညောင်တိုကျောင်း၌ မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်စိုးဝင်း ၉/သစန(နိုင်)၀၅၇၇၆၈၄ ၏ ဖခင်အမည် ဦးဖိုးကောင်း(ခ)ဦးဘိုးကောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးကောင်း(ခ)ဦးဘိုးကောင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် မူလွန်ညောင်တိုကျောင်း၌ ဒုလယ်ပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်စုမြတ်သွယ် ၉/သစန(နိုင်)၁၂၉၁၅၅ ၏ ဖခင်အမည် ဦးဇော်ဇော်(ခ)ဦးစန်းနောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်ဇော်(ခ)ဦးစန်းနောင်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/တောင်သာW)၊ ရန်အောင်(၂)ရပ်ကွက်၊ အိမ်အမှတ် (၃/၁၆)၊ ဦးပိုင်အမှတ်(၆၉ဝ)၊ အကျယ်အဝန်း ပေ(၃၆x၇၈)၊ ဧရိယာ ၀ ဒသမ ၀၅၁ကေရှိဦးလှမောင်အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဒေါ်ခင်မွေး ၉/ပမန(နိုင်)၀၃၂၁၀၁ နှင့် သားသမီးများထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါက အဆိုပါ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်သူ(ခ)ဦးသီဟစန်း ၁၂/မဘန(နိုင်)၀၀၂၀၄၅**
**၁၄၂၁-ခ၊ ပဒုမ္မာ(၂)လမ်း၊ (၄၉)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၂၃၉၁၅၆၆**

## ကြော်ငြာစာ ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ ) ညောင်ဦးခရိုင်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၈

**ကွယ်လွန်သူ ဦးမြင့်လွင် ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်တင်ရွှေ(ဘ)ဦးအုံ့ဘွယ် ............ လျှောက်ထားသူ
ဈေးကွက်သစ်ရပ်ကွက်
ကျောက်ပန်းတောင်းမြို့

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူခင်ပွန်း ဦးမြင့်လွင်၏ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်ရွှေက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ခင်ပွန်းဦးမြင့်လွင်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အကျိုးစီးပွား သက်ဆိုင်သည့်အဆိုရှိသူဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်တင်ရွှေ၏ လျှောက်လွှာအပေါ်၌စစ်ဆေးဆောင်ရွက်ပြီးလျှင်၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ချိုထက်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

## တောင်ငူမြို့၊ ရွှေဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး နှီးဆော်လွှာ

တောင်ငူမြို့၊ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး သည် (၂၈-၃-၂၀၂၅) မန္တလေးငလျင်ကြီး ဒဏ်နှင့်အတူ ပျက်စီးယိုယွင်းမှုများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် စေတနာရှင် အလှူရှင်များအား မျက်ပါးရွှေဆိုင်း တစ်ဆိုင်းလျှင် (အရွက်- ၁၀၀)ပါ ၃၄၀၀၀၀/- (ကျပ်သုံးသိန်းလေးသောင်းတိတိ)၊ရွှေစင်ရွှေပြား(၉" X ၉") ပတ်လည် တစ်ချပ်လျှင် ၈၃၀၀၀၀၀/- (ကျပ် ရှစ်ဆယ့်သုံးသိန်းတိတိ) တို့အား ကမ္ဗည်းထိုး၍ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူနိုင်ရန် အကျိုးမျှော် အားကိုး၍ နိဗ္ဗာန်အကျိုးမျှော် နှီးဆော်အပ်ပါသည်။

**ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း-၀၉-၅၃၅၀၈၅၀၊ ၀၉-၇၉၂၅၅၅၂၄၊ ၀၉-၄၂၈၁၃၁၂၈၊ ၀၉-၄၅၄၃၆၆၄၈၅ ၀၉-၅၃၅၂၂၁၇၊ ၀၉-၅၃၅၁၃၃၁၊ ၀၉-၄၂၈၀၃၇၅၈၆**

## ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက် အိတ်ဖွင့်လေလံကြေညာခြင်း

ဤသမဝါယမအသင်းစုချုပ်ပိုင်အောက်ပါမြေကွက်အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ ကွင်းအမှတ်(၆၄၅က)၊ ဦးပိုင်အမှတ်(၉က)၊ မျက်နှာစာ တပ်မ(၇၇)လမ်း၊ မျက်နှာဖွင့် အကွက်(C)၊ ဧရိယာ(၀ဒသမ၇၅) ဧက

| | |
|---|---|
| လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - ၂၁-၁၀-၂၀၂၅ရက် (အင်္ဂါနေ့) |
| လေလံလျှောက်လွှာရောင်းချမည့်နေရာ | - ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံး |
| လေလံလျှောက်လွှာပိတ်မည့်ရက် | - ၂၇-၁၀-၂၀၂၅ရက်(တနင်္လာနေ့) ညနေ (၄)နာရီ |
| လေလံလျှောက်လွှာဖွင့်ဖောက်မည့်ရက်နှင့်နေရာ | - ၂၈-၁၀-၂၀၂၅ရက်(အင်္ဂါနေ့) နံနက် (၁၀)နာရီ ပဲခူးတိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်ရုံး၊ တပ်မ(၇၇) လမ်း၊ ဟံသာဝတီရပ်ကွက်၊ပဲခူးမြို့ |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - ၀၉-၂၅၀၃၉၁၉၁၂ |

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅) ကျိုင်းတုံမြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှု အမှတ် - ၁၂

စိုင်းရွက်မောင်း (ခ) ဦးစိုင်းရွက်မော(ဝ) ......... နှင့် ......... ဦးစိုင်းကျော်မြင့်ဦး
(တရားလို) ......... (တရားပြိုင်)

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ် (၇၈)နောင်ကွန်ရပ်နေ ဦးစိုင်းကျော်မြင့်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို စိုင်းရွက်မောင်း(ခ)ဦးစိုင်းရွက်မော(ဝ) က "ပဋိညာဉ်အတိုင်း အချင်းဖြစ် အိမ်၊ခြံ၊မြေအား အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မဟာဗလ)**

**မြို့နယ်တရားသူကြီး**
**ကျိုင်းတုံမြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်အတွင်း၌ တည်ရှိသော အကွက်အမှတ်(၄၁၃-က) ဦးပိုင်အမှတ်(၅၁)၊ အနောက်ဘက်ခြမ်း မျက်နှာပွင့် (၁၅.၆)ပေ၊ တောင်မှမြောက်(၅၀)ပေခန့် အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ထပ်တိုက်အပါအဝင် ပေါက်ရောက် သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူ (၁)ဦးစိုးနိုင်ဦး (ဘ)ဦးတော် ၉/မနမ(နိုင်)၁၀၅၁၂၀၊ ဒေါ်တင်တင်အေး (ဘ)ဦးဝင်း ၉/မနမ(နိုင်)၁၀၅၁၂၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲလင်းထွဋ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၄၁)
၁၃၄x၁၃၅လမ်းကြား၊ ၆၅လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၇၈၉၅၅၅၀၇၅

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

❖ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှု အပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရ ...

❖ မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ၊ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်း စသည့်ကျောင်း ပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၂၁ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ယနေ့ သတင်းအညွှန်း


ဟူသီအဖွဲ့က မြို့တော်ဆာနားရှိ ကုလသမဂ္ဂအဆောက်အအုံဝင်း အတွင်း ကုလဝန်ထမ်း ၂၀ ကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထား — နိုင်ငံတကာသတင်း စာ ၁၄

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ — ပြည်တွင်းသတင်း စာ ၁၆

ရောဝတီတိုင်းဒေသကြီးသို့ ဇန်နဝါရီလမှ အောက်တိုဘာလဝက်အထိ ခရီးသွား ၁၀ သိန်းကျော် ဝင်ရောက်လည်ပတ်ခဲ့ — ပြည်တွင်းသတင်း စာ ၁၈

အပူပိုင်းမုန်တိုင်း “ဖန်ရှုန်” အားကောင်းသော အပူပိုင်းမုန်တိုင်း “ဖန်ရှုန်” အဖြစ်သို့ ရောက်ရှိနိုင် — ပြည်တွင်းသတင်း စာ ၁၉

တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာ ၂၁

ဒီရေတောဂေဟစနစ်နှင့် သွေးခုံးများ စဉ်ဆက်မပြတ်ရှင်သန်ရေး — ပြည်တွင်းသတင်း စာ ၂၈


## ကျောက်မဲမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စုပေါင်းသန့်ရှင်းရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၄ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ခုနစ်ဦးတို့ကို

စာမျက်နှာ ၁၉ ကော်လံ ၃ ❏

## လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ

စာမျက်နှာ ၁၉ ကော်လံ ၃ ❖






## နာမည်ကြီး အာဂျင်တီးနားကို ဂိုးပြတ်အနိုင်ယူကာ ပထမဆုံးအကြိမ် ယူ-၂၀ ကမ္ဘာ့ဖလားကို မော်ရိုကိုအသင်း ဆွတ်ခူး

ချီလီနိုင်ငံတွင်ကျင်းပသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် မော်ရိုကို ယူ-၂၀ အသင်းက နာမည်ကြီး အာဂျင်တီးနား ယူ-၂၀ အသင်းကို အံ့အားသင့်ဖွယ် နှစ်ဂိုးပြတ်အနိုင်ရရှိကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ယူ-၂၀ ကမ္ဘာ့ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲကို ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး စက်တင်ဘာ ၂၇ ရက်မှစတင်ကာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းအထိ မြို့လေးမြို့ရှိ အားကစားကွင်း လေးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၃ ❍